ရဲဘော်တို့ အရေးကြီးလေပြီ
သွေးစည်းကြပါစို့…
အချက်ကျ ဉာဏ်မျှော်တောက်ကွယ်

# သမဂ္ဂအလံတော်အောက်ဝယ်

## ကျော်အောင်

2012.GRAPHIC DESIGN : KYAW MINN MOUNG

ဒုတိယအကြိမ်



မငေးသောအတိတ်။ လွန်ခဲ့သည့် ဆယ့်သုံးလေးနှစ်ခန့်။ ဆယ်နှစ်ဆိုသည် မှာ သမိုင်းသဘောနှင့် ဆင်ခြင်လျှင် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၊ လက်တစ်ဖျစ်တီး။ ကြာလှသည် ကား မဟုတ်။ ထိုအတိတ်တွင် ကျွန်တော်သည် ပြင်းထန်စွာ လူးလွန့် လှုပ်ရှားရင်း ကြီးပြင်းခဲ့ရပါသည် ။

ထိုအတိတ်သို့ ယခု ပြန်၍ ဆင်ခြင်ချိန်တန်ပြီဟု ကျွန်တော် ယူဆသဖြင့် ပြန်လည် ဆင်ခြင်ကြည့်မိ ပါသည် ။ ယခုကား ကျွန်တော့် ဘဝသည် ကဏ္ဍသစ်တစ်ခု ဖွင့်ခဲ့ပြီး။ မငေးသော အတိတ်ကို ကျွန်တော် မေ့ချင်သည် ။ သို့သော် မေ့၍ မရ။ အတိတ်ကိုမေ့လျှင် ကျွန်တော့် ပစ္စုပ္ပန်သည် အရာမထင်နိုင်တော့ပြီ။ အကျိုးကြောင့် အကြောင်းထင်သလို အတိတ်က ပစ္စုပ္ပန်ကို ဖန်တီးသည် မှာ လောက သဘောတစ်ခု ဖြစ်ချေသည် ။ ဤသဘောကို လောကသား ဖြစ်သော ကျွန်တော် ပယ်၍ မရပါ။ ယခုဆိုလျှင် ကျွန်တော်သည် အတန်အသင့် ကြီးရင့်နေပြီဟု ထင်မိသည် ။ ထိုအရွယ်ကနှင့် စာလျှင် ယခု ကြီးရင့်နေပြီဟု ထင်မိခြင်းသာ ဖြစ်ပါသည် ။ ကျွန်တော့်နည်းတူ ကျွန်တော့် ပတ်ဝန်းကျင် ကျွန်တော့် လောကမှ အပေါင်းအသင်း တို့ လည်း ကြီးရင့်လာကြမည်ဟု ကျွန်တော် ထင်ပါသည် ။ သို့ြငားလည်း ကြီးရင့်ပုံချင်းတူနိုင် ကြမည် မဟုတ်ပါ။ မိမိ သံယောဇဉ်တွယ်ရာကို မှီ၍ ဘဝသည် ပြောင်းလဲနေပါသည် ။ ဘဝအသိဆိုသည် မှာ ပတ်ဝန်းကျင်ကိုမှီ၍ ဖြစ်သော အသိဟု ကျွန်တော် ခံယူပါသည် ။ ဘဝက အသိကို ဖန်တီးပါသည် ။ သို့ဖြစ်ရာ ကျွန်တော်၏ အသိကို ဖန်တီးခဲ့သည့် ကျွန်တော့် အတိတ်ကို မေ့လျှင် ကျွန်တော်၏ ဆင်ခြင်

တုံတရားသည် အဓိပ္ပာယ် ကင်းမဲ့ပေလိမ့်မည်။ ထို အတိတ်ကို ကျွန်တော် ပြန်လည် ဆင်ခြင်ခြင်းသာလျှင် မှန်ကန်သော ပစ္စုပ္ပန် သဘောထား ထိုမှ တစ်ဆင့် ကြည်လင်သော ကျွန်တော့် အနာဂတ်တို့ အတွက် ကြီးမားသော အထောက်အကူ တစ်ခု ဖြစ်သည် ဟု ကျွန်တော် ခံယူပါသည် ။

ထိုမဝေးသော အတိတ်ကား -

***

၁

ကျွန်တော် တက္ကသိုလ်က ခွာသည့် နှစ်မှာ ၁၉၅၉ ဖြစ်ပါသည် ။ လူ့ဘဝ ခရီးကြမ်းကို လျှောက်ရန် လူ့လောကထဲသို့ ခြေစုံပစ်၍ ဝင်ခြင်းပင် ဖြစ်ပါသည် ။ တက္ကသိုလ်က ခွာသည် ဆိုသော်လည်း ကျွန်တော့်တွင် ပညာမစုံသေးပါ။ အခြေအနေအရ မခွာမဖြစ်၍ ခွာရခြင်း ဖြစ်ပါသည် ။ ထိုနှစ်ကား တက္ကသိုလ်တွင် အတန်းကုန် အောင်နေသည့် နောက်ဆုံးနှစ် ဖြစ်ပါသည် ။ ၁၉၅၉ မတ်လ စာမေးပွဲတွင် ကျွန်တော် မဖြေနိုင်ပါ။ စာမေးပွဲ ဝင်၍ ဖြေသည် ဆိုရုံသာ ဖြေပါသည် ။ စာသင်နှစ်ကား ၁၉၅၈-၅၉ စာသင်နှစ်ဖြစ်ပါသည် ။ မိတ်ဆွေသူငယ်ချင်း ရဲဘော် အပေါင်းအသင်းတို့ က ကျွန်တော့်ကို တက္ကသိုလ်မှ မခွာစေချင်ကြပါ။ သို့သော် ကိုယ့်ဝမ်းနာ ကိုယ်သာ သိသည် မို့ ရဲဘော်တို့ ကို စွန့်ကာ ဝမ်းကျောင်းရပါသည် ။ တက္ကသိုလ်က ခွာသည့် အခါ ကျွန်တော်သည် အလွတ် ပညာသင်ကျောင်း တစ်ခုတွင် သင်္ချာပြသည့် ဆရာ လုပ်ပါသည် ။ လခကား သုံးရာသာ ရပါသည် ။ ၁၉၆၀ တွင် မပြီးဆုံးသေးသော စာမေးပွဲကို ဆက်၍ ဖြေရာ ဝိဇ္ဇာတန်း အောင်ခဲ့ပါသည် ။

ကျွန်တော်၏ ပညာသင်ကြားရေးသည် စကတည်းက အဆင်မပြေလှပါ။ တက္ကသိုလ် ရောက်သည် မှ ဝိဇ္ဇာတန်း အောင်သည် အထိ ခြောက်နှစ်တိတိ နေခဲ့ရပါသည် ။

၁၉၅၄ တွင် တက္ကသိုလ်သို့ ရောက်ပါသည် ။ တက္ကသိုလ် ကျောင်းသားဟု ဆိုရပြားလည်း ကျွန်တော်တို့ ကား ရန်ကင်းကောလိပ်တွင် နေကြရပါသည် ။ တက္ကသိုလ်ကျောင်းသား လောကသည် ထိုအချိန်က ဆူပူ လှုပ်ရှားစပြုနေပါပြီ။ ကျွန်တော်တို့ ကား နယ်ကျောင်းကတည်းက ကျောင်းသားအရေးတွင် စိတ်ပါခဲ့ကြသူများ ဖြစ်ရာ၊ တက္ကသိုလ်ရောက်လျှင် ကျောင်းသားသမဂ္ဂလောက၌ ဝင်ဆံ့သူများ ဖြစ်လာကြသည် ။

ကျွန်တော့်ဇာတိသည် သာယာဝတီခရိုင် မင်းလှမြို့ ဖြစ်ပါသည် ။ မိဘများမှာ ကုန်သွယ် လယ်လုပ်များ ဖြစ်ကြပါသည် ။ ရန်ကုန်နှင့် ပြည် မီးရထားလမ်း ဖွင့်ပြီးကတည်းက စီးပွားရေး အကွင်းအကွက်ကောင်းသည့် ဒေသများ ဖြစ်ရာ၊ ရိုးရာအလုပ် ဖြစ်သည့် ဆန်စပါး ပွဲစားအလုပ်သည် ဖွံ့ဖြိုးခဲ့ပါသည် ။ သို့သော်လည်း ၁၉၃၀ တစ်ဝိုက်တွင် စီးပွားရေးတစ်ဟု န်ထိုး ထိုးဆင်းသည့် အတွက် အခြေယိုင်ခဲ့ပါသည် ။ ကျွန်တော်ကား အငယ်ဆုံး သားဖြစ်ရာ ကျွန်တော် လူလားမြောက်သည့် အချိန်တွင် အမေ ဆုံးပါး၍ အဖေသည် စီးပွားရေး အဆင်ပြေမည့် ရန်ကုန်သို့ ဆင်းလာကာ ၁၄ လမ်းပွဲရုံတစ်ခုတွင် ဝင်၍ အလုပ်လုပ်ပါသည် ။ အဖေ၏ အစ်ကိုတစ်ယောက်က ဘိုကလေးနှင့် ရန်ကုန် မော်တော်ဆွဲပါသည် ။ အစ ပထမတွင် အစ်ကို၏ အလုပ်တွင် ဝင်၍ ကူမည်ဟု ရည်ရွယ်သော်လည်း ပွဲကတော် အဆွယ်ကောင်းသဖြင့် ပွဲရုံတွင် သောင်တင်နေပါသည် ။

အဖေသည် ကျွန်တော့်ကို မပြုစု မပျိုးထောင်နိုင်သည့် အခြေ ရော

က်နေသဖြင့် စိတ်မကောင်းလှပါ။ ကျွန်တော့်ကို အစ်မက ကျောင်းစရိတ် ထောက်ပါသည် ။ ကျွန်တော့် ယောက်ဖကား မန္တလေး-ရန်ကုန် ကုန်တင်ကားဆွဲသည့် အလုပ်နှင့် စီးပွားလမ်း ဖြောင့်နေပါသည် ။ မိဘ ဆွေမျိုး အားလုံးက ကျွန်တော့်ကို တက္ကသိုလ် ပညာရအောင် တတ်အားသမျှ ထောက်ပံ့ရန် ထက်သန်ကြပါသည် ။ အဖေကဆိုလျှင် 'တို့ တစ်တွေ တစ်သက်လုံး အင်္ဂလိပ်စာတတ်တွေ စေစားသမျှ ခံခဲ့ရတယ် ငါ့သား ဒီတော့ မင်း အတန်းကုန်အောင်သာသင်။ ငွေရေးကြေး ရေးအတွက် ဘာမှ အားမငယ်နဲ့ ။ အဖေ ကုန်းရုန်းရှာမယ်' ဟု ဆိုပါသည် ။ ထိုစကားပြောသည့် အဖေ့ကို ကျွန်တော် ကရုဏာသက်မိပါသည် ။ ဝိဇ္ဇာတန်း အောင်၍ ကျောင်းထွက်သည့် အခါ အဖေ့ကို ပို၍ အမှတ်ရမိပါသည် ။ ဘွဲ့နှင်းသဘင်ပွဲတွင် အဖေ့ကို ခေါ်ချင်ပါသော်လည်း အဖေကား ကျွန်တော် ကျောင်းသို့ ရောက်ပြီး နောက်တစ်နှစ်မှာ ပင် ကျွန်တော်တို့ကို မျက်ကွယ်ပြုသွားပါသည် ။

ကျွန်တော်တို့ တက္ကသိုလ် ရောက်သည့် ခေတ်တွင် တက္ကသိုလ်သည် ရှေးကနှင့် မတူတော့ပါ။ ပြောင်းလဲ နေပါသည် ။ ရန်ကုန်တက္ကသိုလ် ဆိုသည် အရာရှိ အရာခံ၊ စက်ပိုင် လယ်ပိုင် မြေပိုင်တို့ ၏ သားသမီးများ ပညာ ဆည်းပူးရာ ဒေသတစ်ခု ဖြစ်ခဲ့ပါသည် ။ ရှေးခေတ်က တက္ကသိုလ် ကျောင်းသားသည် ဘန်ကောက်ပုဆိုးကို ခါး ကချသူ မဟုတ်ပါ။ ရလေးဖိနပ်၊ အယ်လပတ်ကား အပေါ်အင်္ကျီတို့ ကား တက္ကသိုလ်ကျောင်းသား၏ အဆောင် အယောင်များ ဖြစ်ကြပါသည် ။ ကျွန်တော်တို့ လက်ထက်တွင် မူ ခေတ်ပြောင်းနေပါပြီ။ ကျွန်တော်တို့ ခေတ်တွင် တက္ကသိုလ် လောက သို့ ခြေချသူများမှာ သူလိုကိုယ်လိုထဲကပင် များ ပါသည် ။ လခ သုံးလေးရာကျော် ရသည့် အစိုးရ အမှုထမ်းတို့ ၏ သားသမီးများ ပွဲစားကုန်သည် တို့ ၏ သားသမီးများ အားလုံး လူလတ်တန်းစားထဲက

ဖြစ်ကြပါသည် ။ မြန်မာပြည် ပညာရေး၏ တစ်ခုတည်းသော ထွက်ပေါက်ဖြစ်သည့် တက္ကသိုလ်သို့ စုပြုံရောက် လာကြသူများ ဖြစ်ပါသည် ။ ရှေးခေတ်ကလို အိုင်စီအက် ဈေးမကောင်းတော့ပါ။ သို့ငြားလည်း အရာရှိ အရာခံစိတ်၊ မင်းစိတ် စိုးစိတ်၊ မင်းပါးစိုးခွင် ဝင်လိုသည့် စိတ်။ ဤသည် တို့ ၏ ရနံ့အသက်ကလေးများကား မပျောက်တတ်သေးပါ။

ကျွန်တော့် အစ်မကြီးက ဆိုလျှင် ဈေးထဲက ကုန်ခြောက်သည် ဒေါ်မြို၏ သား ကိုစိန်မောင်ဝင်းကို ညွှန်ကာ 'ကြည့်စမ်း၊ ဘယ်လောက်တော်သလဲ။ အခု အတွင်းဝန်ကလေး ဆိုတာ ဖြစ်နေပြီ။ မကြာခင် အရေး ပိုင်ဖြစ်တော့မယ်ဆိုပဲ' ဟု ကျွန်တော် အားကျအောင် ပြောပါသည် ။ ကိုစိန်မောင်ဝင်းသည် အလုပ်တွင် သာ ကံ ကောင်းသည် မဟုတ်။ မိန်းမရလည်း ကံကောင်းပါသည် ။ ပြည်မြို့တွင် နယ်ပိုင်ဝန်ထောက် လုပ်နေစဉ် လမ်း အရေးပိုင်ကတော်က သမက် ဖမ်းသွားသည် မို့ အခြေတကျ ဖြစ်သွားပါသည် ။ သူ့ကို ကျွန်တော်တို့ အားကျရ မလိုပင် ဖြစ်ခဲ့မိပါသည် ။ အိုင်စီအက်စ်ခေတ် မဟုတ်တော့ဟု ဆိုရသော်လည်း ပညာတတ်တို့ ခေတ် မတိမ်သေး သော ကာလဖြစ်ပါသည် ။ ပညာတတ်တို့ ဆူဖြိုးသောကာလ ဖြစ်ပါသည် ။ နိုင်ငံရေး အရှိန်အဝါ တစ်ခုခုနှင့် ကပ်မိလျှင် တက္ကသိုလ်ထွက် ပညာတတ်တစ်ယောက်အဖို့ လျှမ်းလျှမ်းတောက် အောင်မြင်နိုင်သည့် ခေတ် ဖြစ် ပါသည် ။ ယခုနေပြန်၍ ဆင်ခြင်ကြည့်မည်ဆိုလျှင် လွတ်လပ်ရေး၏ အရသာကို ခံစားရသူတို့ အနက် အုပ်ချုပ် ရေးပိုင်းက အရာရှိ၊ အရာခံတို့ လည်း ထိပ်မှ ပါသည် ဟု ဆိုရပါမည်။ အင်္ဂလိပ် သာရှိခဲ့လျှင် မြန်မာအရာရှိ အရာခံတို့ ဤမျှ ရာထူးကြီး ရာထူးခံ နေရာများ တွင် ရနိုင်မည် မဟုတ်ပါ။ လွတ်လပ်ရေးအတွက် တိုက်ပွဲ ဝင်ခဲ့ကြသူများကို ပညာတတ် အရာရှိ အရာခံများ ကျေးဇူးတင်ဖို့ ကောင်းသည် ဟု ကျွန်တော် ထင်မိပါသည် ။

မည်သို့ပင်ရှိစေ၊ ကျွန်တော်သည် တစ်ခုတည်းသော ပညာရေး ထွက်ပေါက်ဖြစ်သည့် ရန်ကုန်တက္ကသိုလ် သို့ ရောက်ခဲ့ရပါသည် ။ ကံ့ကော်မြိုင်သည် လည်းကောင်း စိန်ပန်းမြိုင်သည် လည်းကောင်း၊ မြကျွန်းသာသည် လည်းကောင်း ကျွန်တော့်ကို မညို့နိုင်ခဲ့ပါ။ မဆွဲဆောင်နိုင်ခဲ့ပါ။ ဤသို့ ဆိုရငြားလည်း တက္ကသိုလ်ရောက်သည့် အခါ သာယာစိုပြည်သည့် ပတ်ဝန်းကျင်က ကျွန်တော့်ကို ကြည်နူးစေပါသည် ။ ကြည်နူးရုံသာ ကြည်နူး မိပါသည် ။ မယစ်မူးမိပါ။ အကြောင်းမှာ တက္ကသိုလ်သမဂ္ဂနှင့် ကျောင်းသားလှုပ်ရှားမှုတို့ က ကျွန်တော့်ကို ပို၍ ဆွဲဆောင်ကြသောကြောင့် ဖြစ်ပါသည် ။ ကျွန်တော်သည် တကသ လှုပ်ရှားမှုများ တွင် ဒုတိယတန်းခေါင်းဆောင် တစ်ယောက်အဖြစ် ပါဝင်ခဲ့သည် ချည်း ဖြစ်ပါသည် ။ ကျွန်တော်တို့ သည် ကိုယ်ကျိုးမဖက်။ ဖွဲကောင်းကောင်း ဖြင့် အနစ်နာခံကာ ကျောင်းသားသမဂ္ဂတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည် ။ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ပညာရေးစနစ်ကြီး တစ်ခုလုံးကို ပြုပြင်ရန်ပင် ဖြစ်ပါသည် ။ ကျွန်တော်နှင့် အတူ လုပ်ဖော်ကိုင်ဖက်များ သည် လည်း ထိုစဉ်က ကျွန်တော်ကဲ့သို့ပင် ကိုယ်ကျိုးမဖက် ဆောင်ရွက်ခဲ့ကြသည်သာ များ ပါသည် ။ သို့သော်လည်း တစ်ခါတစ်ရံ "အတ္တ" ဖက်သည် ကိုမူ အလွယ်တကူ မြင်တတ်သော်လည်း ကိုယ့်အတ္တကိုမူ မမြင်နိုင် ရှိသည့် အခါတို့ လည်း ရှိပါလိမ့်မည်။ ထိုစဉ်ကမူ တစ်ခါတစ်ရံ သူတစ်ပါး အတ္တဖက်လျှင် စိတ်ဆင်းရဲပြီး ဒေါသခြောင်းခြောင်း ထွက်တတ်ပါသည် ။ ယခု ကြီးရင့်လာသည့် အခါ ထိုအကြောင်း ထိုအဖြစ်အပျက် တို့ ကို ပြန်လည် ဆင်ခြင်မိလျှင် လောက ဓမ္မတာပေပဲဟု ခွင့်လွှတ်ချင်လာပါသည် ။ ထိုအဖြစ်၊ ထိုသနစ်တို့ ကို ကြည့်ကာ ရယ်မောမိပါသည် ။ ရယ်မောရင်းကလည်း သဘောမှန်ကို တစ်ခါတစ်ရံ မြင်လာသည့် အခါ ပီတိဖြစ်မိပါသည် ။ လူသည် အတ္တသတ္တဝါ ဖြစ်သည် ဟု စိတ်ပညာ ဆရာကြီးတို့ က

ဆိုကြပါသည် ။ ယင်းအဆိုကို ကျွန်တော် ထောက်ခံနိုင်ပါသည် ။ သို့သော်လည်း အတ္တသတ္တဝါကို အများ စုက ညီညီညွတ်ညွတ် ဝိုင်း၍ ထိန်းနိုင်သည့် အခါ အတ္တကို ချေနိုင် ဖျက်နိုင်ပါသည် ။ သို့ရာတွင် အများ စုက ဝိုင်းဝန်း၍ အဆိပ်ပင် ရေလောင်းသည့် အခါ ထိုအတ္တသည် ကြီးထွားလာတတ်ပါသည် ။ ကျွန်တော်တို့ အသိုက်ကား အများ အကျိုးအတွက် စိတ်ဓာတ် တက်ကြွနေသူများ ဖြစ်ရာ ထိုအတ္တကို နိုင်အောင်၊ သေဝပ်အောင် ထိန်းနိုင် သိမ်းနိုင်ခဲ့သည် သာ များ ပါသည် ။ အစုအစည်းတည်း ဟူသော သမဂ္ဂ သဘောက အတ္တကို ချိုးနှိမ်နိုင်သည်ဟူ၍ လည်း တစ်နည်းအားဖြင့် ဆိုနိုင်ပါသည် ။ ထို့ပြင် ကျွန်တော်တို့ ယုံကြည်သော လက်ဝဲဝါဒသည် ယင်းအတ္တကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ပါသည် ။ ယင်းကလည်း ထိန်းထားပါသည် ။ မည်သို့ပင်ဖြစ်စေ၊ ကျောင်းသားသမဂ္ဂ လှုပ်ရှားမှု ပြင်းထန်သော တိုက်ပွဲ ကာလတွင် ကျွန်တော်ကား ဒုတိယတန်း ခေါင်းဆောင်တစ်ယောက်အဖြစ် အတ္တကို နိုင်နင်းအောင် နှိပ်ကွပ် နိုင်ခဲ့ပါသည် ။ ထို့ကြောင့် ပင် လုပ်ဖော်ကိုင်ဖက်တို့က ကျွန်တော်ကျောင်းထွက်မည် ဆိုသည့် အခါ ဝိုင်း၍ တားဆီး ကြပါသည် ။ ကိုယ့်ဝမ်းနာ ကိုယ်သာ သိပါသည် ။ ကျွန်တော့် ဒုက္ခကို သူတို့ မကယ်နိုင်ပါ။ သူတို့ လည်း ထိုဒုက္ခမျိုးကို မခံစားရဖူးပါ။ မကြုံဖူးပါ။ ကျောင်းသက် ခြောက်နှစ်ကြာလာသည့် အတွက် စရိတ်ပန်း လာပြီဟု ထင်နေကြသူ တချို့က ‘သမဂ္ဂမှာ နေပြီး ကျောင်းတက်ပေ့ါ။ တို့ ထမင်းဝိုင်းမှာ ဝင်ပြီးစားပေ့ါ’ ဟု ဆိုကြ ပါသည် ။ ကျောင်းသက် ခြောက်နှစ်ကြောင့် စရိတ်ပန်းသည် မှာ မှန်ပါသည် ။ သို့ရာတွင် သည့် ထက်ကြီးသည့် စိတ်ဆင်းရဲခြင်းမျိုး ကျွန်တော့်တွင် ခံစားနေရသည် ကို သူတို့ အား ဖွင့်၍ မပြောဖြစ်ခဲ့ပါ။ ကျွန်တော့် ဒုက္ခသည် သူတို့ နှင့် မဆိုင်ပါ။ သူတို့ တစ်တွေသည် ရဲဘော်ကောင်း ပီသသူများ ဖြစ်ပါသည် ။ ကိုယ်ရေးကိုယ်တာ

ကိစ္စ ဖြစ် စေကာမူ အကြံကောင်း ဉာဏ်ကောင်း ပေးမည့် သူများ ဖြစ်ပါ
သည် ။ ရှိစေတော့။

***

## ၂

တက္ကသိုလ်ပညာသင်သည့် ကာလတစ်လျှောက်လုံးတွင် ကျွန်တော်သည် စစ်ကိုင်းကျောင်းဆောင်၌ နေပါသည် ။ နောက်ဆုံး နှစ်နှစ် ကာလကား ကျွန်တော်တို့ တစ်တွေ သမဂ္ဂလုပ်ငန်း လုပ်၍ အကောင်းဆုံး အချိန် ဖြစ်ပါသည် ။ ကျောင်းဆောင် သဟာယနှင့် စာဖတ်အသင်းတွင် လည်း ကျွန်တော်တို့ လူသိုက်ပင် အုပ်စည်းမိ ကြပါပြီ။ ယခင် လေးငါးနှစ်ကမူ စစ်ကိုင်း ကျောင်းဆောင်တွင် ကျွန်တော်တို့ ၏ အတိုက်အခံ ဖြစ်သည့် ကျောင်းသားများက စာဖတ်အသင်းကို ဦးစီးကြပါသည် ။ ကျွန်တော်တို့ လူစုကွဲနေ၍ ဖြစ်ပါသည် ။ ပထမဆုံး ပြန်လည် စည်းမိသည့် နှစ်ကို ကျွန်တော် အမှတ်ရပါသေးသည် ။ ထိုနှစ်ကား အပြင်ဘက် နိုင်ငံရေးလောကတွင် ဖဆပလအဖွဲ့၌ သန့်ရှင်းတည်မြဲ အကွဲ၊ လက်ဝဲ အင်အားစု ဖြစ်သည့် ပမညတတို့ မျက်နှာပန်းလှနေသည့် အချိန် ဖြစ်ပါသည် ။ ကျွန်တော်တို့ တက္ကသိုလ်လောကတွင် မူ တိုးတက်သော ကျောင်းသားအဖွဲ့ ဩဇာတက်လာသည် မှာ ကြာပါပြီ။ လေးနှစ် ရှိပါပြီ။ ကျွန်တော်တို့ လက်ထက်၌ ကား ကျောင်းသား ညီညွတ်ရေး တပ်ဦးအသွင်ဖြင့် သမဂ္ဂလှုပ်ရှားမှုသည် အထွတ်အထိပ်သို့ ရောက်နေချိန် ဖြစ်ပါသည် ။ သန့်ရှင်း တည်မြဲ အကွဲအပြဲသည် ကျွန်တော်တို့ ကျောင်းသားလောကသို့လည်း ဂယက်ရိုက်ပါသည် ။ လွှတ်တော်တွင် သန့်ရှင်းနှင့် တည်မြဲတို့ မဲခွဲသည့် နေ့ကမူ ကျွန်တော်တို့ မှာ နောက်ဆက်တွဲ စားမေးပွဲဖြေရန် စာကျက်နေချိန်ဖြစ်ငြားလည်း ရေဒီယိုဘေးမှာ မထနိုင်ကြ ပါ။ ထိုကျောင်း

သား အတော်များများ စာကျက် ပျက်ကြပါသည် ။ သို့သော်လည်း ကျွန်တော်မှာ ထိုစာမေးပွဲ တွင် ကောင်းစွာ ဖြေနိုင်ပြီး အောင်ခဲ့ပါသည် ။

ထိုနှစ်တစ်နှစ်လုံးပင် ကျွန်တော်တို့ လူသိုက်သည် ကျောင်းသားအရေး၌ တက်ညီလက်ညီ လုပ်နိုင် ခဲ့ကြပါသည် ။

စစ်ကိုင်းဆောင်တွင် ကျွန်တော်တို့ တပ်ဦးအသိုက် စာဖတ်အသင်းကို ပြန်လည် စည်းမိသည့် ညက ကျွန်တော်တို့ တော်တော် ပျော်မိပါသည် ။ ထိုညမှာ ပင် ကျွန်တော့် ကြမ္မာကို ဖန်တီးသည့် သတင်းစကား တစ်ခု ကို ကျွန်တော် ကြားရပါသည် ။

ညဦးပိုင်းတွင် ကျောင်းဆောင် ထမင်းစားခန်း၌ အစည်းအဝေးလုပ်ရန် ပြင်ဆင်ကြပါသည် ။ ဇွန်လ ကုန်ခါနီးဟု ထင်ပါသည် ။ ကောင်းကောင်း မမှတ်မိတော့ပါ။ အမှုဆောင်ဟောင်းကလည်း ရွေးကောက်ပွဲကို နေ့ရွှေ့ ညရွှေ့ လုပ်နေပါသည် ။ သူတို့ ကလည်း အဆောင်တွင် သူတို့ လူသိုက် ပြန်လည် တာစူမိရန် အချိန်ယူ ပြင်ဆင်နေကြသဖြင့် ရက်ရွှေ့နေခြင်း ဖြစ်ဟန်တူပါသည် ။

ကျွန်တော်တို့ ကား အဆင့်သင့် ဖြစ်နေကြပါပြီ။ စစ်ကိုင်းတွင် ထိုနှစ်က ကျွန်တော်တို့ အဖွဲ့မှ လူဟောင်း များ ပင် ပြန်လည် စုရုံးမိကြပါသည် ။ ကျောင်းခန်းတွင် တရားမဝင်သည့် ကျောင်းသား သူငယ်ချင်းကို ထားကာ တရားဝင် ကျောင်းသားက အပြင်ဘက်တွင် အလုပ်ဝင်၍ လုပ်နေသည် တို့ ရှိပါသည် ။ ထိုကျောင်းသားသည် စာဖတ်အသင်း အမှုဆောင်ရွေးသည့် ညတွင် ကျောင်းဆောင်သို့ ပြန်လာကာ မဲပေးပါသည် ။ သည်အဖြစ်မျိုး နှစ်ဖက်စလုံး၌ ရှိနေကြပါသည် ။ ထို့ကြောင့် နှစ်ဖက်စလုံးက သိလျက်နှင့် ခွင့်လွှတ်ကြပါသည် ။ ကျွန်တော်၏ ကျောဘက် အတွင်းခန်းက ကိုသိန်းလွင်သည် ကျောင်းဆောင်၌ မနေပါ။ ငွေစာရင်း

မင်းကြီးရုံးတွင် စာရေး ဝင်လုပ်နေပါသည် ။ သူ့သူငယ်ချင်း မုံရွာသား ကိုဘမောင်ကို သူ့အခန်း၌ ထားပါသည် ။ ကိုသိန်းလွင်သည် ကျွန်တော် တို့ အဖွဲ့ဝင် ဖြစ်ပါသည် ။ ထို့အတူ ဖျာပုံသား ကိုမြသောင်းသည် ဆိုရှယ် လစ် လူငယ်အဖွဲ့တွင် အလုပ် လုပ်နေသဖြင့် သူ့သူငယ်ချင်း ကိုသန်းမြိုင် ကို သူ့အခန်း၌ ထားပါသည် ။ နောက်ပြောင်းလာသည့် အဆောင်မှူး အ သစ်ပင် ကျွန်တော်တို့ အနေအထိုင်ကို မျက်စိလည်နေပါသည် ။ ကြာ တော့ အကြောင်းသိကာ အဆောင်မှူး လည်း အားလုံးကို ခွင့်လွှတ်လို က်ဟန် တူပါသည် ။ ထိုမျှ မကသေးပါ။ တရားဝင် ကျောင်းသား အခန်း ၌ ခုတင်ပိုထိုး၍ ကပ်နေသူများ အိပ်စင်ထိုး၍ ကပ်နေသူများ အများ အပြားရှိပါသည် ။

ထိုနေ့ညက မင်းတုန်းသား ဘသန်းချိန်သည် ကျောင်းဆောင်သို့ ရောက်လာပါသည် ။ သူသည် လူဝင်မှု ကြီးကြပ်ရေးရုံး၌ အလုပ်လုပ်နေ သူ ဖြစ်ပါသည် ။

ဘသန်းချိန်သည် အစည်းအဝေးတွင် မင်းတုန်းသံ ဝဲဝဲဖြင့် -

'ခင်ဗျားတို့လို အချောင်သမားတွေကို တိုက်ချင်လို့ ဒီအစည်းအဝေး ကို တက်လာခဲ့တာပဲ ဝေး' ဟု ထ ၍ စကားပြောသည့် အခါ ကျွန်တော် တို့ က လက်ခုပ်တဖြောင်းဖြောင်း တီးကြပါသည် ။ ဘသန်းချိန်သည် အ ခြေ အနေကို သိသူ မဟုတ်ပါ။ ကျောင်းနှင့် ကင်းကွာနေသူ ဖြစ်ပါသည် ။ သို့ဗြားလည်း အရေးကြီးလျှင် သွေးနီး ဆိုသလို အစည်းအဝေးသို့ မ ရောက်ရောက်အောင် တက် လာပြီး မဲပေးရုံနှင့် အားမရ။ စိတ်ပါလက်ပါ စကား ထ ပြောလိုက်ပါသေးသည် ။ သူ့ကို ကျွန်တော်တို့ ဘက်က ခွင့်လွှတ်ကြသော်လည်း တစ်ဖက်ဂိုဏ်းသားတို့ ကမူ မျက်စော င်းတခဲခဲနှင့် စောင်နေကြပါသည် ။ ဘသန်းချိန်ကား နည်းနည်းလေးမျှ

မမှု။ မိုက်ဂိုက်နှင့် ပင် ပြန်၍ ကြည့်လိုက်ပါသေးသည် ။ ကျွန်တော်တို့က ရန်မပွားအောင် မနည်း နှိမ်ထားကြရပါသည် ။

စစ်ကိုင်းဆောင်တွင် ကျွန်တော် ဖျာပုံသား အေးကို၊ ဖျာပုံသား ကျော်အေး၊ ရွှေဘိုသား ကိုကိုလေး၊ မြန်အောင်သား ဝင်းအောင်၊ ပျဉ်းမနားသား ခင်မောင်ကို၊ မုံရွာသား ကိုထွန်းနွဲ့၊ ပဲခူးသား ကိုစိန်မောင်၊ မန္တလေး သား ကိုမြင့်သိန်းတို့ သည် ခေါင်းဆောင်ပိုင်းက ဖြစ်ကြပါသည် ။ သည် နှစ်တွင် မူ ဘောလုံးအသင်းကို ပြန်လည် စုစည်းမိရာ အသံပြာ ရွှေကျီးညိုထိန်လင်း၊ လက်ပံတန်းသား မြသိန်း၊ မော်လမြိုင်သား ငွေကိုင်တို့ လည်း တပ်ဦး ဘက်တော်သား တက်ကြွသူများ အဖြစ် ပါလာပါသည် ။ လက်ပံတန်းသား မြသိန်းဆိုလျှင် တပ်ဦး အမှုဆောင် အဖွဲ့၌ပင် ပါဝင်ဆောင်ရွက်နေပြီ ဖြစ်ပါသည် ။ နောက်တစ်နှစ်တွင် သူသည် တကသ အမှုဆောင် တစ်ယောက် ဖြစ်လာသည် ။ သူကား အပြင်ဘက် နိုင်ငံရေးလောကနှင့် ပင် အဆက်အသွယ် ကောင်းကာ ငြိမ်းချမ်းရေးလုပ်ငန်း စသည် တို့ ၌ တက်တက်ကြွကြွ ဆောင်ရွက်တတ်သူ တစ်ယောက် ဖြစ်လာသည် ။

ကျွန်တော့်ကို အားလုံးက အဆောင် စာဖတ်အသင်း ဥက္ကဋ္ဌ နေရာ၌ ထားကြပါသည် ။ ကျွန်တော်လည်း ထိုနှစ်တွင် လုပ်မည်ဟု စိတ်ပိုင်းဖြတ်ထားပါသည် ။ သို့ရာတွင် ကျောင်းစဖွင့်သည့် အချိန်လောက်မှ စ၍ ကျွန်တော့် ကိုယ်ရေးကိုယ်တာ ပြဿနာ ပေါ်လာပါသည် ။ ထိုအရေးကို ကျွန်တော်မျှော်လင့်နေသည် မှာ ကြာပါ ပြီ။ တစ်နေ့ သည် လို ဖြစ်လေမလားဟု ကျွန်တော်သံသယ ဝင်လာခဲ့သည် မှာ ကြာပါပြီ။ ကျောင်းဖွင့်စမှာ ပင် ကြုံလာခဲ့ပါသည် ။

ကျွန်တော်သည် သူများ နည်းတူ စွန့်စွန့်စားစား လုပ်နိုင်သူတစ်ဦး ဖြ

စ်ချင်ပါသည် ။ ကိုယ်ကျိုးကိုစွန့်၍ အများကောင်းကျိုးအတွက် ဆောင်ရွက်ချင်ပါသည် ။ သို့ရာတွင် စိတ်သွားတိုင်း ကိုယ်ပါသူ မဟုတ်ပါ၊ ကျွန်တော့်တွင် သံယောဇဉ် အနှောင်အဖွဲ့တို့ ရှိနေပါပြီ။ တက္ကသိုလ်ကျောင်းသား ဘဝတွင် အများ သူငါတို့ သည် ကံ့ကော်ရိပ်တွင် သာယာကာ အင်းယား၊ ရတနာ၊ မာလာ၊ သီရိတို့ ၌ ကျက်စားကြစမြဲ ဖြစ်ပါသည် ။

ကျွန်တော်ကား သူတို့ နှင့် မတူပါ။ ကျွန်တော် တက္ကသိုလ်သို့ ရောက်လာသည့် အခါ လူပျိုကိုယ်လွတ် မဟုတ်တော့ပါ၊ ကျွန်တော့်တွင် အိမ်ထောင်ရှိနေပါပြီ။ သမီးတစ်ယောက်ပင် ရနေပါပြီ။ ကျွန်တော် ဝိဇ္ဇာတန်း ရောက်သည့် အခါ သမီးငယ်သည် ခြောက်နှစ်အရွယ် ရှိနေပြီ ။ ကျွန်တော့် မိန်းမမှာ ငယ်ချစ် ဖြစ်ပါသည် ။ တစ်မြေတည်းနေ တစ်ရေတည်းသောက် ဖြစ်ပါသည် ။ ကျွန်တော်တို့ သည် ငယ်ငယ်ရွယ်ရွယ်နှင့် လူပျို အပျို ဖြစ်စ တွင် မထိန်းနိုင် မသိမ်းနိုင်ဘဲ အိမ်ထောင်ပြုခဲ့ကြပါသည် ။ အိမ်ထောင်ပြုသည့် နှစ်မှာ ပင် ကျွန်တော် တက္ကသိုလ်ဝင်တန်း အောင်ပါသည် ။ ထိုအခါ ဆွေမျိုးသားချင်းများက ‘မင်းမိန်းမကို တို့ စောင့်ရှောက်မယ်၊ အေးအေးဖြောင့်ဖြောင့်နဲ့ ပညာရေး စခန်းကိုသာ ခရီးကုန်အောင် ဆက်ပေတော့’ ဟု အားပေးကာ ဝိုင်းဝန်းစောင့်ရှောက်ကြ၍ တက္ကသိုလ်သို့ လာဖြစ်ခြင်း ဖြစ်ပါသည် ။ ကျွန်တော့် ဆွေမျိုးသားချင်းတို့ ကား ပညာကို မက်မောကြသူများ ဖြစ်ကြပါသည် ။ သူတို့ ကိုယ်တိုင်မူ ပညာဘက်တွင် ထူးချွန်ပေါက်ရောက်ကြသူများ မဟုတ်ပါ။ ထို့ကြောင့် ပင် ပညာကို မက်မောခြင်း ဖြစ်ဟန်တူပါသည် ။ သူတို့ သည် လယ်နှင့် ချောင်းနှင့် ဈေးနှင့် ဆိုင်နှင့် အသက်မွေး ခဲ့သူများ ဖြစ်ပါသည် ။ ကျွန်တော်တို့ ဆွေသိုက် မျိုးသိုက်ထဲမှ ပညာပေါက်မြောက်၍ အစိုးရ အမှုထမ်း အရာရှိ အရာခံ ဖြစ်လာသူ နည်းပါသည် ။ သာယာဝတီ၊ မင်းလှ စသည့် ပြည်-ရန်ကုန် မီးရထားလမ်း တစ်လျှောက်၌ မြို့ကြီး မြို့ငယ်တို့ သ

ည် ရန်ကုန်နှင့် အဆက်အသွယ် ကောင်းကာ ရောင်းရေးဝယ်တာတွင် လည်းကောင်း၊ ပညာရေးတွင် လည်းကောင်း ထူးချွန် ပေါက်ရောက်ကြ ပါသည် ။ နိုင်ငံရေး စိတ်ဓာတ်တွင် လည်း လယ်သမား သူပုန် အခြေစို က်ရာ သာယာဝတီ နယ်သားများ ဖြစ်သည် နှင့် အညီ မျိုးချစ်စိတ် တက်ကြွကြသူများ ဖြစ်ပါသည် ။ သို့ကြားလည်း ကျွန်တော့် ဆွေသိုက် မျိုးသိုက်ကား သူတို့ ခေတ်က ပညာရေးတွင် အာရုံမစိုက်နိုင်ဘဲ စားရေး သောက်ရေးဖြစ်သည့် ဝမ်းရေးကို ကုန်သွယ် လယ်လုပ်နှင့် ကြီးပြင်းခဲ့ရ သဖြင့် ကျွန်တော်တစ်ယောက် တက္ကသိုလ်ဝင်တန်း အောင်သည့် အခါ အားရဝမ်းသာဖြစ်ကာ ဝိုင်းဝန်း၍ နှုတ်၏ စောင်မခြင်း၊ လက်၏ စောင် မခြင်းတို့ ဖြင့် ကူညီထောက်ပံ့ကြပါသည် ။ ကျွန်တော် မိန်းမယူစောသ ည့် အတွက် မိဘဆွေမျိုးသားချင်း တို့ က နည်းနည်းကလေးမျှ ခွင့်မလွှ တ်နိုင်ကြပါ။ စကားစပ်မိတိုင်း ကျွန်တော်တို့ လင်မယားကို အပြစ်တင် စကားပြောကြပါသည် ။ သို့ကြားလည်း ဖြစ်ပြီးသည့် အတူတူ ဆက်လက် ၍ ကူညီဖို့ သာ ရှိသည် ဟု သဘောပိုက် ကာ မညှိုးငယ်ရအောင် ကူညီ စောင့်ရှောက်ကြပါသည် ။

ကျွန်တော်တို့ အိမ်ထောင်ကျပြီးနောက် ကျွန်တော် စားမေးပွဲ အောင် သည့် အခါ ဆွေမျိုးသားချင်းတို့ ခေါင်းချင်းရိုက်ကာ ကျွန်တော့်အတွက် စည်းဝေးတိုင်ပင်ကြပါသည် ။ တစ်ညတွင် ကျွန်တော့် ဘကြီးတစ်ယော က် အိမ်၌ စုဝေးကာ အစည်းအဝေး ကျင်းပပါသည် ။ ကျွန်တော့်ကို တ က္ကသိုလ် ပို့ရေးဘက်က မဲသာပါသည် ။ ကျွန်တော့် မိန်းမကိုမူ ရရာ အ လုပ်တစ်ခုခု သွင်းပေးမည်ဟု ဆိုကြပါသည် ။ သူတို့ သည် သာမန် လူ လတ်တန်းစား ဖြစ်သော်လည်း သူတို့ နည်းနှင့် သူတို့ အပေါင်းအသင်း ဆံ့ကာ အာဏာရှိသူတို့ နှင့် ဝင်ဆံ့သည် ။ ထို့ကြောင့် ကျွန်တော့်ဇနီး ခင် သိန်းလှိုင်ကို ကောက်ပဲသီးနှံရုံးတွင် စာရေးဝင်၍ လုပ်စေပါသည် ။ ထို

ရာထူး အတွက် မခက်ခဲလှပါ။ သို့ဖြစ်ရာ ကျွန်တော်မှာ တက္ကသိုလ်ကျောင်းတော်သားကြီး အဖြစ်သို့ သံယောဇဉ် အနှောင်အဖွဲ့ကြားမှ ရောက်ရသူ ဖြစ်လာပါသည် ။ ရန်ကုန်နှင့် မင်းလှ ဆိုသည် မှာ အိမ်ဦးကြမ်းပြင် ဖြစ်လေရာ၊ ကျွန်တော်သည် ကျောင်းပိတ်ရက် ဖြစ်သည့် တနင်္ဂနွေတို့ ၌ ကျောင်းတွင် မရှိ။ မင်းလှသို့ မီးရာ ရထားမီးရာကားဖြင့် ပြန်လေ့ရှိပါသည် ။ ကျွန်တော့်ကို အထင်ကြီးကြသည့် ဓာတ်မသိသေးသော ကျောင်းသားသစ်ကလေး များက ဆိုလျှင် စနေ၊ တနင်္ဂနွေနေ့ တို့ တွင် ကျွန်တော်သည် မြို့ထဲသို့ ပမညတ နိုင်ငံရေးသင်တန်း သွားတက် နေသည် ဟု ထင်ကြပါသည် ။ အပေါင်းအသင်း သူငယ်ချင်းများက သည် အတိုင်းပင် ကျောင်းသားသစ်ကလေး များကို တစ်ပတ်ရိုက်ထားကြပါသည် ။

ကျွန်တော့် အစ်မသည် ကျွန်တော် အိမ်ထောင်ကျအပြီး နောက်နှစ်မှာ ပင် ရန်ကုန်သို့ ပြောင်းရွှေ့လာ ပါသည် ။ သို့ဖြစ်ရာ သူ့မျက်ကွယ်မို့ ကျွန်တော့်အား 'ငါ့မောင်၊ မိန်းမဆိုတာ မီးဝေးချိတ်လိုပဲ။ မမလည်း မိန်းမ သားပဲ။ ငါ့မောင် အကြောင်းက ဒီလို ဖန်လာတော့ ဖြစ်လာသလိုပဲ အဆင်ပြေအောင် နေရထိုင်ရ ပညာရှာ ရတော့မှာ ပေ့ါ။ ဒီတော့ သူ့ဘက် ကိုယ့်ဘက်နှစ်ဖက်ကြည့်ပြီး စာသင်လည်း မပျက်စေနဲ့ ၊ အိမ်က မိန်းမကိုလည်း ပစ်မထားနဲ့ ။ တတ်နိုင်သလောက် မင်းလှကို ပြန်၊ မိန်းမကို နှစ်သိမ့်။ မိန်းမဆိုတာ တစ်ဖက်က ကြည့်တော့ အားငယ်တတ်တာမျိုး အားကိုးရှာတတ်တာမျိုး' ဟု ဆိုပါသည် ။

'အိုဗျာ မမကလည်း ပူစရာမရှိ ပူတတ်ရန်ကော ခင်သိန်းလှိုင် ကျွန်တော့် မိန်းမပဲဗျ။ ရပ်သိ ရွာသိ၊ ရပ်နဲ့ ရွာနဲ့ နေတဲ့ ဟာ။ ဘယ်သူက စော်ကားမှာ လိုက်လို့ ။ ခုပဲ ကလေးတစ်ယောက် မွေးတော့မယ်'

‘ဟုတ်သဟေ့၊ မင်းပြောတာ သိပ်ဟုတ်တယ်။ ဒါပေမဲ့ လောက ဆိုတာ မကောင်းဘူးကွဲ့။ တို့ တော့ မကောင်းတာကိုပဲ မြင်နေတယ်။ ပတ်ဝန်းကျင်ဆိုတာကလည်း အများအားဖြင့် မကောင်းဘူး။ ကောင်းတဲ့ လူတွေတော့ ရှိပါတယ်။ ဒါပေမဲ့ စိတ်ယုတ်မာသူတွေလည်း တစ်ပုံကြီး။ မင်းမိန်းမက ကောင်းပါလျက်နဲ့ သူ့ ပတ်ဝန်းကျင်မှာ မကောင်းတဲ့ တစ်ယောက် ရှိရင် ဘယ့်နှယ်လုပ်မလဲ’

အစတွင် ကျွန်တော်သည် ကျွန်တော့် အစ်မကိုပင် အထင်လွဲမိပါသည် ။ အထင်လွဲသည် ဆိုလျှင် လုံးလုံး မမှန်ပါ။ သမီး ယောက်မသဘာဝ တစ်ယောက်ကို တစ်ယောက် အကောင်းမထင်ကြသဖြင့် သည်စကားမျိုး ပြောသည် ဟု ထင်မိပါသည် ။ မိန်းမတို့ ကား သူသူကိုယ်ကိုယ် ယောက်မအတင်းပြောရလျှင် မြိန်ရေရှက်ရေ ရှိကြ သည် ဟု ကျွန်တော် မိန်းမရလာသည့် အခါ နားလည်စ ပြုလာပါသည် ။ သို့သော်လည်း ကျွန်တော်မှာ စာပေ ဖတ်ရှု လေ့လာသောအခါ "မီးဝေးချိတ်" သဘောကို အတန်အသင့် ဆင်ခြင်လာမိပါသည် ။ ထို့ပြင် လောက အတွေ့အကြုံအရလည်း ထိုသဘောသည် မှန်သင့်သလောက် မှန်သည် ဟု ယုံချင်လာပါသည် ။ ထိုမှ တစ်ဖန် ပတ်ဝန်းကျင်ကို မျက်စိ၊ နား ဖွင့်၍ ကြည့်သည့် အခါ ထိုသဘောသည် မဆိုးလှဟု လက်ခံလာမိပါသည် ။ ဤသို့ စိတ်တွင် ပေါ်မိသည် မှာ အလေးအနက် ဆင်ခြင်စဉ်းစားကြည့်သည့် အခါတို့ တွင် သာ ဖြစ်လာတတ်သည့် အသိတရားမျိုး ဖြစ်ပါသည် ။ အများအားဖြင့်မူ တက္ကသိုလ်ကျောင်းသားတို့ ဘာဝ ညနေခင်း ရေမိုးချိုး၊ ထမင်းစား ပြီးသည့် အခါ အင်းယားကန်ဘက်သို့ လမ်းလျှောက် ထွက်သည့် အချိန်မျိုး၌ ရင်ထဲ၊ ဝမ်းထဲတွင် ဟာတာတာ ဝေဒနာတစ်မျိုး ခံစားရမိပါသည် ။ အထူးသဖြင့် ကျွန်တော့် အခန်းဘေးက ထားဝယ်သား ကိုခင်စိုး တစ်ယောက် ညနေတိုင် ရတနာဆောင်ဘက်သို့ ခြေဦး

လှည့်သည့် အခါ ကျွန်တော့်ရင်ထဲတွင် လွမ်းသလို၊ ဆွေးသလို ဖြစ်လာမိပါသည် ။ ထိုအခါမျိုးတွင် ကျွန်တော်လည်း အလယ်ထပ်က လူရိုး ကို သောင်းကြည်ကို ခေါ်၍ ရွှေတိဂုံ ဘုရားဘက်သို့ ခြေဦးလှည့်မိပါသည် ။

တစ်ခါတစ်ရံတွင် မူ အခန်းထဲကုပ်ကာ၊ မိန်းမဓာတ်ပုံကို စားပွဲ၌ တင်ကာ ကသိုဏ်းရှုမိပါသည် ။ အခန်းဝ၌ သူငယ်ချင်း မိတ်ဆွေ ရောက်လာသည် ကိုပင် သတိမထားမိ ဖြစ်တတ်ပါသည် ။ ထားဝယ်သား ကိုခင်စိုးသည် ရတနာဆောင်က ပြန်လာလျှင် ‘အသိန်း၊ အသိန်း’ နှင့် တဖွဖွ ရွတ်ပါပေတော့သည် ။ သူက "အသိန်း" မန္တန်ကို တဖွဖွ ရွတ်လေ ကျွန်တော့်မှာ မင်းလှ မိုးညိုတန်းတွင် ကျန်ရစ်ခဲ့သည့် အိမ်သူ ခင်သိန်းလှိုင်ကို သတိရလေ ဖြစ်မိပါသည် ။

ဤသို့ဖြင့် ကျွန်တော်သည် ရန်ကုန်နှင့် မင်းလှ အိမ်ဦး ကြမ်းပြင်ပမာ ကူးလူးနေခဲ့ရပါသည် ။ ရန်ကုန်နှင့် မင်းလှကို လွမ်းပျံကလေးနှင့် ရက်ကန်းရှယ်နေခဲ့ရပါသည် ။

ဤသံယောဇဉ် အနှောင်အဖွဲ့က ကျွန်တော့်ကို မလွတ်မလပ်ဖြစ်အောင် ချုပ်ချယ်ထားပါသည် ။ တက္ကသိုလ်ကျောင်းသားချင်း တူသော်လည်း ကျွန်တော်ကား အချုပ်အချယ်နှင့် ကျောင်းသား ဖြစ်နေပါသည် ။ ကျောင်းသားဘဝသည် အလွတ်လပ်ဆုံး ဘဝ၊ ပျော်စရာအကောင်းဆုံး ဘဝ။ ရန်ကုန်လို ပျော်စရာ၊ ရွှင်စရာ ပေါသည့် မြို့ကြီး ပြကြီးတွင် တက္ကသိုလ်ကျောင်းသား ဖြစ်လာရသည် မှာ အလွန်ထူးသည့် အခွင့်အရေးတစ်ခု ဖြစ်သည် ဟု ဆိုရပါမည်။ အချိန်တန်လျှင် မိဘက ကျောင်းစရိတ် မှန်မှန်ပို့ပါသည် ။ ရုပ်ရှင် ကြည့်လိုက်၊ ပျော်ပွဲ ရွှင်ပွဲ နွှဲလိုက်၊ အင်းယား၊ ရတနာ၊ မာလာ၊ သီရိတို့ က တက္ကသိုလ်၏ အညွန့်အဖူး သမီးပျိုလေးများနှင့် တွဲလိုက်၊ သာယာ ပျော်မွေ့စရာ ကောင်းလိုက်သည့် ဘဝ။ ကံ့ကော်

ရိပ်တွင် ကြည်နူးသူက တစ်မျိုး၊ အင်းယားကန်စောင်း ၏ ညယံဆည်းဆာတွင် ကြည်နူးရသည် က တစ်မျိုး၊ စာသင်ခန်း စကြီအကွေ့တွင် ပျော်မွေ့ရသည် က တစ်မျိုး။ အင်း…သည် ဘဝ။ သည် လောကမှာ ကျင်လည်ရပါလျက်ကနဲ့ ငါ့မှာ အချုပ်အချယ်နဲ့ မပျော်မွေ့ မကြည်နူးနိုင်လေအား ဤသို့ပင် တစ်ခါတစ်ရံ စိတ်မချမ်းမမြေ့ ဖြစ်မိပါသည် ။ နောင်တကား မဟုတ်ပါ။ ထိုအခါတွင် ငယ်ချစ် အိမ်သူ ခင်သိန်းလှိုင်၏ မျက်နှာသည် ကျွန်တော့် စိတ်ကူးတွင် ပေါ်လာပါသည် ။

"မောင် စာကြိုးစားနော်။ အင်းယားသူတွေနဲ့ မြူးမနေနဲ့ ။ မင်းလှ မိုးညိုတန်းမှာ မောင့်ဇနီး ခင်သိန်း တစ်ယောက် ရှိနေတယ် ဆိုတာ အမြဲသတိရပါ မောင်ရယ်"

ဤတတွတ်တွတ် စကားသံကို ကျွန်တော် ကြားယောင်လာပါသည် ။

"ကောလိပ်ကျောင်းကို စာသင်သွားသူရယ်၊ ကျောင်းပိတ်ရက်တော့ ပြန်လာပါကွယ်"

ဤသီချင်းကိုလည်း ခင်သိန်းလှိုင်သည် ပြုံးစန မျက်နှာပေးဖြင့် ဆိုသည့် အခါ ဆိုပါသည် ။ တစ်ခါတစ်ရံ ထမင်းချက်ရင်း မီးဖိုချောင်၌ ညည်းတတ်ပါသည် ။

"ခင်သိန်းတော့ အဲဒီသီချင်းကိုပဲ အားအားရှိ ဆိုမိတာပဲ မောင်ရယ်။ ခင်သိန်းလေ ဓမ္မာရုံ ဘုရားကို ရောက်တိုင်း မောင် စာမေးပွဲမြန်မြန်အောင်ပြီး၊ မြန်မြန် အလုပ်ရပြီး၊ မြန်မြန် အတူနေရပါစေ။ ဒီသမီး ဒီသား၊ ဒီလင်၊ ဒီဆွေ ဒီမျိုး ဒီမိ ဒီဖ နဲ့ အိုအောင် မင်းအောင် ပေါင်းရပါစေလို့ ဆုတောင်းမိပါတယ် မောင်ရယ်၊ ပြီးခဲ့တဲ့ လထဲတုန်းက ရုံးသူရုံးသားတွေနဲ့ တောင်ခြေက ကျောက်တံခါးဘုရားကို ပျော်ပွဲစားထွက်တယ် မောင်ရဲ့ ။ စိန်ကန့်လန့် ရောက်တော့ ဟိုတုန်းက မောင်နဲ့ သကြံန်မှာ ရေ

ပတ်လည်ခဲ့ကြတာတွေ ခင်သိန်း သတိရလို့ မျက်ရည်လည်မိသေးတယ် မောင်ရယ်။ စိန်ကန့်လန့်က ရွှံ့ရည်တွေနဲ့ ပက်တော့ မောင်က ကားပေါ်မှာ ခင်သိန်း ကိုယ်လေးကို ရေမစိုရအောင် သိမ်းကျုံး ဖက်ထားတာလေ ။ ခင်သိန်းဖြင့် ခု စာရေးရင်းတောင် ကြက်သီးထမိ တယ် မောင်ရယ်။ မောင့်ကို သိပ်ချစ်တာပဲမောင်ရယ်။ ဒီတစ်ခါ တနင်္ဂနွေမှာ လက်ပံတန်းမှာ ဆွမ်းဆန်စိမ်း လောင်းပွဲ ရှိတယ် မောင်ရဲ့ ။ ခင်သိန်းတို့ သွားကြမလို့ ။ မောင်ပြန်လာခဲ့နော်။ အင်းယားသူတွေ တွေ့ရင် စေ့စေ့ တောင် မကြည့်ပါနဲ့ မောင်ရယ်။"

ဤစာကို ကျွန်တော် ခေါက်ရိုးကြေသည့် တိုင် မကြာခဏ သေတ္တာထဲမှ ထုတ်၍ ဖတ်မိပါသည် ။

ကျွန်တော့် ဘဝသည် တက္ကသိုလ်ရောက်သည့် နောက် သုံးနှစ်အထိ အဆင်ပြေနေပါသည် ။ ကျွန်တော့်ဇနီး ခင်သိန်းလှိုင်သည် သစ္စာရှိသော မယားကောင်း တစ်ယောက်အဖြစ် ကျွန်တော့် လိုအင်၊ ကျွန်တော့်မိဘဆွေမျိုး သားချင်းများ လိုအင်ကို ဖြည့်ရှာပါသည် ။ ကျွန်တော့် ကျောင်းစရိတ်ကိုပင် သူ့လခထဲမှ ဖဲ့၍ ထောက်ပံ့ပါသည် ။ ထိုသုံးနှစ်ကား ဥပစာတန်းတွင် ကျွန်တော် နေခဲ့ရသည့် သုံးနှစ် ဖြစ်ပါသည် ။ မင်းလှ ကို ပြန်လိုက်၊ မိန်းမမျက်နှာ၊ သမီးငယ် မျက်နှာ ကြည့်လိုက်နှင့် စာကြည့် ဖြောင့်ခဲ့ပါသည် ။ သို့တိုင် တစ်နှစ်တွင် ခင်သိန်းလှိုင် နေမကောင်းသည် နှင့် စာကြည့်ပျက်ကာ ဥပစာတန်း ဒုတိယနှစ်တွင် တစ်နှစ် ကျခဲ့ရပါသည် ။

ရန်ကင်းကောလိပ်မှ ပင်မ တက္ကသိုလ်သို့ ပြောင်းလာသည့် နှစ်တွင် ကျွန်တော်သည် ကျောင်းသား သမဂ္ဂ အုပ်စုနှင့် ဝင်ဆံ့လာပါသည် ။ တိုးတက်သော အယူအဆရှိသည့် ကျောင်းသားအုပ်စုနှင့် တွဲမိလာပါသည် ။ မုံရွာသားကိုထွန်းနွဲ့ နှင့် ကျွန်တော့် အခန်းဘေးတွင် တစ်နှစ် ယှဉ်၍ နေ

ဖူးပါသည် ။

သူသည် အလံနီလူထွက် ဖြစ်ပါသည် ။ သူက ဆိုရှယ်လစ်ဝါဒ စကားကို ရေလွှတ်ကရား တတွတ်တွတ် ပြောပါသည် ။ ကမောက်ကမ ပညာရေးစနစ်ကိုလည်း ပစ်ပစ်ခါခါ ဝေဖန်တတ်ပါသည် ။ တက္ကသိုလ် ပညာသင်ကြားရေး စနစ်ကြီးတစ်ခုလုံး ရည်ရွယ်ချက်ပြောင်းဖို့ လိုကြောင်းလည်း တဖွဖွ ပြောပါသည် ။ သူသည် မြန်မာစာ ဂုဏ်ထူးတန်း တက်နေသူ ဖြစ်ပါသည် ။ တိုးတက်သော စာပေ အယူအဆကို ကျွန်တော်တို့ အား ဟောတတ်ပါသည် ။ သူနှင့် အပေါင်းအသင်း ဖြစ်ရခြင်းကလည်း ကျွန်တော့် အမြင်ကို ပို၍ ကျယ်စေပါသည် ။

တစ်ဖန် ပါတီနိုင်ငံရေးစကား၊ ပါလီမန် နိုင်ငံရေးစကား၊ ပမညတ နိုင်ငံရေးစကား ထက်ထက်သန်သန် ပြောသူ လက်ပံတန်းသား ကိုမြသိန်းနှင့် လည်း ဆွေးနွေး ဝေဖန်စကား ပြောမိကြပါသည် ။ လှည်းတန်းထိပ်က ကိုချစ် လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်တို့ စကားဝိုင်းသည် ညဥ့်နက်သန်းခေါင်အထိ အချိန်ကုန်လေ့ ရှိပါသည် ။ သို့ဖြစ်ရာ စာတန်းဝေ၊ ပိုစတာကပ် ဘဝမှ လွန်ကာ ဒုတိယတန်း ခေါင်းဆောင်တစ်ယောက် ဖြစ်မှန်း မသိဖြစ်လာသည့် အခါ ကျောင်းဆောင် စာဖတ်အသင်းတွင် တာဝန်ယူရန် ရဲဘော် ကျောင်းသားများက တာဝန်ပေးလာပါသည် ။

ထိုအချိန်တွင် ကျွန်တော့်အိမ်က ပြဿနာပေါ်စ ပြုနေပါပြီ။ အိမ်က ပြဿနာပင် ပေါ်သော်လည်း ကျွန်တော်ကား တက်ကြွနေပါသည် ။ ပတ်ဝန်းကျင် အရှိန်ကြောင့် ကျွန်တော် တက်ကြွနေသလားမသိ။ ခံယူချက် ပြတ်သားလာသည် ကိုမူ ကိုယ့်စိတ်ကိုယ် မေးမြန်း စောကြောကြည့်၍ သိမိသည် ။ တကသတွင် တပ်ဦး သည် အထက်စီး ရလာသည် မှာ နှစ်အတော်ညောင်း လာပြီ။ တက္ကသိုလ်ကောင်စီ ကျောင်းဆောင်ကော်မ

တီ တို့ တွင် တကသ ကိုယ်စားလှယ်၊ တပ်ဦး ကိုယ်စားလှယ် တို့ ၏ စကားသည် အရာရောက်စပြုလာသည် ။ အာဏာပိုင်တို့ သည် တကသ ၏ ဦးဆောင်မှုကို တစ်စိတ်တစ်ပိုင်းအားဖြင့် နေရာပေးလာရသည် ။

ပြင်ဘက် နိုင်ငံရေး လောကတွင် မူ ပမညတ ဦးဆောင်သည့် လက်ဝဲတပ်ဦးသည် ပါလီမန်တွင် ဩဇာတက်လာသည် ။ ဖဆပလ ကွဲ၍ သန့်ရှင်းတည်မြဲ ပြိုင်ကြသည့် အခါ ပမညတသည် အခရာ ဖြစ်လာသည် ။ ပြည်သူတစ်ရပ်လုံး တက်ကြွလာသည် နှင့် အတူ ကျောင်းသားများ လည်း တက်ကြွလာသည် ။

သန့်ရှင်း တည်မြဲ မဲခွဲသည့် ညက ကျောင်းသားများ နက်ဖြန် စားမေးပွဲရှိသည် ကိုပင် စာကြည့်အပျက် ခံကာ ရေဒီယိုဘေး၌ စုဝေးကြသည် ။ ဦးနု၏ သန့်ရှင်း နိုင်သည့် အခါ ကျောင်းဆောင်တစ်ခုလုံး ဆူညံနေအောင် ဝမ်းသာအားရ လက်ခုပ်တီး ဩဘာပေးကြသည် ။ တက္ကသိုလ် ပရိဝုဏ် တစ်ခုလုံး ထိုသတင်းကြောင့် လှုပ်ရှား နေသည် ။ အဓိပတိ လမ်းမ တစ်လျှောက် လှည်းတန်းထိပ် တစ်ဝိုက် ကျောင်းသားတို့ ၏ နိုင်ငံရေး ဟောကိန်း၊ နိုင်ငံရေး ဆွေးနွေးသံတို့ ပျံ့ဝဲနေသည် ။

ထိုပတ်ဝန်းကျင် ထိုလောကတွင် ကျွန်တော်လည်း အဘယ်မှာ မတက်ကြွ မလှုပ်ရှားဘဲ နေနိုင်ပါအံ့ နည်း။ ကျွန်တော်သည် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲနှင့် အတူ ကြီးပြင်းခဲ့သည့် သာယာဝတီ နယ်သား မဟုတ်လား။ ထို့ကြောင့် ပင် အစည်းအဝေးမတိုင်မီ တစ်ပတ်က ပဏာမ ဆွေးနွေးပွဲတွင် ကျွန်တော့်ကို ဥက္ကဋ္ဌ တင်၍ တိုက်မည် ဆိုသောအခါ စဉ်းစားပါဦးမည်ဟူ၍ ပင် မပြောဘဲ သဘောတူနေခဲ့သည် ။

အစည်းအဝေး မတိုင်မီ သုံးရက်ခန့်အလို တစ်ညနေတွင် မင်းလှမှ ကျွန်တော့် သူငယ်ချင်း ချစ်သိန်းထွန်း ကျောင်းဆောင်သို့ ရောက်လာသ

ည် ။ သူက

'ကိုတင်မောင်၊ ခင်ဗျား မင်းလှကို ပြန်ခဲ့ဦးဗျာ၊ ဒီရက်မှာ ပြန်ဖြစ်အောင် ပြန်ခဲ့ပါ။ ကျွန်တော်တို့ ပြောလို့ တော့ မယုံနဲ့ ။ ခင်ဗျားကိုယ်တိုင် ပြန်ပြီး အခြေအနေ အကဲခတ်။ ခင်ဗျားလည်း လူအမှ မဟုတ်တာ' ဟု အသွယ် အဝိုက် မပါဘဲ သတိပေးစကား ပြောသွားပါသည် ။ ကျွန်တော်နှင့် ကျောင်းဆောင်တစ်ခုတည်းနေသည့် မင်းလှသား ကောင်းတင်ကိုလည်း ကျွန်တော့်အား ထိန်းထိန်းသိမ်းသိမ်း အကြံပေးရန် ကူညီစောင့်မရန် သတိပေးသည် ဟု နောင်မှ သိရပါသည် ။ ကျွန်တော် ချက်ချင်း ဘာကိုမျှ မဆုံးဖြတ်သေးပါ။ အစ်မ ပြောသည့် စကားကိုကား ထစ်ခနဲ သတိရမိပါသည် ။ မီးဝေးချိတ်။ မီးနှင့် ဝေးလျှင် မာတတ်သည့် ချိတ်၏ သဘော.

ကျွန်တော်၏ ကုသိုလ်ဆိုးသည့် အဖြစ်ကိုကား ဝမ်းနည်းမိပါသည် ။

'အေးဗျာ၊ ကျွန်တော် ပြန်ခဲ့ပါဦးမယ်၊ ဟုတ်တယ်၊ ကျွန်တော်လည်း ကျောင်းဖွင့်စ ဆိုတော့ မပြန်မိဘူး။ ပြီးခဲ့တဲ့ နွေတုန်းကလည်း ကြာကြာ မနေမိဘူး'

ချစ်သိန်းထွန်းကို သည် မျှပဲ ပြောလိုက်သည် ။ ထိုနေ့ညနေက ကျွန်တော်သည် ကျောင်းဆောင် မျက်နှာ စာဘက် စင်္ကြံသို့ ထွက်ကာ ကိုတင်ထွန်း အခန်းရှေ့၌ ကိုယ်လက် လှုပ်ရှားသည့် လေ့ကျင့်ခန်း လုပ်နေခိုက် ဖြစ်ပါသည် ။ မင်းလှက သူငယ်ချင်း ပြန်သွားသည့် အခါ လေ့ကျင့်ခန်းကို ဆက်၍ မလုပ်နိုင်တော့ပါ။ အစကမူ လေ့ကျင့်ခန်း ပြီးလျှင် ရေမိုးချိုး ၊ ထမင်းစားကာ တကသ ဘက် သွားမည်ဟု စိတ်ကူးထားပါသည် ။

ကျွန်တော့်စိတ်သည် ထိုင်းမှိုင်းလာပါသည် ။ ခဏမျှ စင်္ကြံတွင် ရပ်ရင်း တွေဝေနေမိပါသည် ။ အဓိပတိ လမ်းကြီးတွင် ကား ဘွဲ့နှင်းသဘင်

ဘက်ဆီသို့ ဝတ်ကောင်းစားလှများ ဝတ်ထားသော ကျောင်းသားတို့ သ ည့် တလှုပ်လှုပ် သွားနေကြသည် ကို တွေ့ရပါသည် ။ တချို့က အင်း ယား၊ တချို့က ရတနာ၊ တချို့က မာလာဘက်ဆီသို့ ဦးတည်နေကြပါသ ည် ။

စစ်ကိုင်းကျောင်းဆောင် အနောက်ဘက်ရှိ ပါမောက္ခ ဦးဘိုးသာ၏ အိမ်ဝင်းထဲမှ ဝါးရုံပင်ကြီးများ သည် လေအဟုန့်တွင် ဆင်နှာမောင်းကြီး များ လို ဟိုဟိုဒီဒီ လှုပ်ယမ်းနေပါသည် ။ လေယူရာ ယိမ်းသည့် ပန်းပြား ပင်။ ကျွန်တော့် ခေါင်းထဲတွင် သည် အတွေးမျိုး အခိုက်အတန့်အားဖြင့် ပေါ်လာပါသည် ။ သို့သော် ဤအတွေး ဤအယူကို ကြာကြာ လက်မခံပါ ။

မိုးဦးကျမို့ သစ်ပင်ကြီးသည် လည်း စိမ်းညို့နေပါသည် ။ မြင်ကွင်း တို့ ကား သာယာစရာ အတိ၊ ကြည်နူး စရာ အတိ။ ကျောင်းဖွင့်စမို့ ကျောင်းသားတို့ လည်း ပျော်မြူးနေကြပါသည် ။ ကျွန်တော် တစ်ယော က်သာ မပျော်နိုင်။ ကျွန်တော်သည် သူတို့ နှင့် မတူပါ။ ဝါအားဖြင့် ကျွန် တော်သည် သူတို့ ထက် ကြီးရင့်နေသူ ဖြစ်ပါသည် ။ အားလုံးလိုလိုပင် တာဝန်ကင်းသူများ ထိုအရိပ်အာဝါသခိုကာ ပညာဆည်းပူးနေကြသူများ ကျွန်တော်ကား ကိုယ့်ဝန်ကိုယ့်ထမ်း၊ ကိုယ့် လမ်း ကိုယ်ကျောင်းကာ ပညာဆည်းပူးနေရသူ ဖြစ်ပါသည် ။ ကျွန်တော် ကား သံယောဇဉ် အနှောင်အဖွဲ့နှင့် ပညာရှာမှီးနေရသူ ဖြစ်ပါသည် ။ သို့ နှင့် စိတ်ထဲတွင် နောက်ကျိလာကာ ညနေ ထမင်းပင် မစားတော့ဘဲ အ ခန်း အောင်းနေလိုက်ပါသည် ။

'ဟေး ကိုတင်မောင်မောင်ကြီး ထမင်း မစားဘူးလား'

ကိုကိုလေး၏ အသံဖြစ်ပါသည် ။ ကိုကိုလေးသည် ကျွန်တော်နှင့် ထ

မင်းတစ်ဝိုင်းတည်းစားသူ ဖြစ်သည် ။ သူ့ ငါးပိကြော်ဘူးကို ကျွန်တော် အမြဲ နှိုက်သည် ။ ကြည့်မြင်တိုင်က သူ့အစ်မသည် ငါးပိကြော် မပြတ် ကြော်ပေးသည် ။ တစ်ခါတစ်ရံ ကိုကိုလေးတွင် ရွှေတောင်တန်းက ငါးခြောက်ကြော် ပါလာတတ်သည် ။ ငါးခြောက်ကြော်ကိုကား ဘယ်သူ့မျှ ဝေခွဲ၍ မစား။ ကျွန်တော်က စကားနာ ထိုးလွှန်းမှ ကျွေးသည် ။ ငါးခြောက် ကြော်ပေးသူမှာ သူ့အပေါ် စေတနာဗရပွထားသည့် သူ့ရည်းစား ကြည်ကြည်မြိုင် ဖြစ်သည် ။ ကြည်ကြည်မြိုင် နှင့် သူကား အတန်းတူ၊ ဘာသာတွဲတူ ဖြစ်သည် ။ သူတို့ ရည်ငံနေကြသည် မှာ မကြာသေး။ ကိုကိုလေး၏ မျက်နှာသည် ယခုတလော မှိုင်ရသူလို ပြုံးနေသည် ။ ယခုလို အပြုံးအပြည့်နှင့် မျက်နှာ ကြည့်ရသည့် အခါ ကျွန်တော်ပင် အလိုလို အားပြည့်လာသည် ။

ကိုကိုလေးသည် သူ့အတွေ့အကြုံကို အမြဲဖောက်သည် ချလေ့ရှိသည် ။ ကျွန်တော့်ထံမှ အကြံဉာဏ် တောင်းလေ့ရှိသည် ။ ကျွန်တော်က သူတို့ ထက် အတွေ့အကြုံများ သူပီပီ ပိုးနည်းပန်းနည်း နိဿရည်း အဖုံဖုံကို သင်တန်းပို့ချပါသည် ။ ကိုကိုလေးသည် ကျွန်တော့်ကို ညီအစ်ကိုရင်းသဖွယ် ခင်ပါသည် ။ ရန်ကင်းကောလိပ်သို့ ရောက်စက တန်းလျား အဆောင်ကြီးထဲတွင် အိပ်ရာချင်း ကပ်ကာ နေခဲ့ရာမှ စစ်ကိုင်းဆောင်သို့ အတူတူပင် ပြောင်းလာခဲ့ကြရပါသည် ။ သူနှင့် ကျွန်တော်ကား ရေစက်မကုန်ပါ။ သူလည်း ကျွန်တော့်လိုပင် ကုန်သည် သား သမီး ဖြစ်ပါသည် ။ သို့သော် ကျွန်တော်တို့ ထက် ပစ္စည်းတောင့်သူ ဖြစ်ပါသည် ။ သားသမီးလေးယောက်အနက် အငယ်ဆုံး ဖြစ်ပြီးလျှင် အကြီးများက ပညာဘက် မလိုက်စားဘဲ မိဘရိုးရာ ကုန်သည် ပွဲစားအလုပ်ဖြင့် စီးပွား လမ်းဖြောင့်ကြပါသည် ။ အစ်ကို အကြီးဆုံးဆိုလျှင် အင်ပို့လိုင့်စင်ခေတ်ကောင်းကို မီသူဖြစ်ရာ ရန်ကုန်တွင် တိုက်တစ်လုံး ကားတစ်စီး ထူထောင်နိုင်

သည် အထိ ကြီးပွားနေပါသည်။ သို့ဖြစ်ရာ သူ့ကို အငယ်ဆုံးသားအဖြစ် မိဘများကသာမက အစ်ကို၊ အစ်မများကပါ ဝိုင်းဝန်း ထောက်ပံ့ကြပါသည်။ ကိုကိုလေးကို ကျွန်တော်က မိန်းမ ပိုးနည်းသာမက နိုင်ငံရေး တရားကိုပါ ဟောပြော ပို့ချပါသည်။ သို့နှင့် ကိုကိုလေးသည် ကျွန်တော်တို့ အဖွဲ့ကို ထောက်ခံသူတစ်ယောက် ဖြစ်လာပါသည်။

'မလိုက်တော့ဘူးဗျာ၊ ကျွန်တော် ရင်ပြည့်ပြီး ခေါင်းအုံနေတာနဲ့ ထမင်း မစားတော့ဘူး၊ ပြီးမှ လှည်းတန်းဘက် ထွက်ပြီး ဆန်ပြုတ်တစ်ခွက် သောက်တော့မယ် စိတ်ကူးတယ်'

အခန်းတံခါးမဖွင့်ဘဲ အိပ်ရာထဲမှ မနည်းအသံမှန်ရအောင် တံတွေးကို မျိုချရင်း ပြောလိုက်ရပါသည်။ သို့တိုင်အောင်-

'ဟုတ်မှ လုပ်ပါဗျာ၊ ကိုတင်မောင်မောင်ကြီး တစ်ယောက် မိန်းမ လွမ်းနေပြီ ထင်တယ်' ဟု အော်သွား သေးသည်။

ကျွန်တော်ကား မိန်းမကို မလွမ်း။ မိန်းမကြောင့် ကျွမ်းနေခြင်း ဖြစ်ပါသည်။ အထင်နှင့် အမြင် ကွာနေ ပါသည်။ ဤအချိန်မျိုးတွင် ကျွန်တော်သည် အကောင်းဘက် ဣဋ္ဌာရုံဘက်ကို လှည့်၍ တွေးပါသည်။ အချက်ကို နေရာပေးရန် မကြိုးစား အပြုကိုသာ နေရာပေးရန် ကြိုးစားပါသည်။ စိတ်နောက် ကိုယ်ပါ မဖြစ်ဖို့ ခေါင်းအေး အေးနှင့် စဉ်းစား ဆင်ခြင်နိုင်ရန် ကြိုးစားပါသည်။

ကျွန်တော့်ကို မည်သူကမျှ မနှောင့်ယှက်ကြပါ။ ကျွန်တော် နေမကောင်း နေသည် ဟု အားလုံးက ယုံ နေကြသည်။ ဤအချိန်တွင် ကျွန်တော်သည် အမှောင်တွင် အတိတ်ကို ပြန်လည် ဆင်ခြင်ပါသည်။ ကောင်းသော အတိတ်၊ ကြည်နူးစရာ အတိတ်၊ ပျော်စရာ အတိတ်၊ ထိုအတိတ်က ကျွန်တော့် သံသယတို့ ကို ခြေဖျက်နိုင်လိမ့် မည်ဟု ကျွန်တော် ယုံ

နေပါသည် ။ ကျွန်တော့်ကိုယ် ကျွန်တော် လှည့်စားနေသလား ဟူ၍ ကား တပ်အပ် မပြော နိုင်ပါ။ လှည့်စားမိချင်လည်း လှည့်စားမိပါလိမ့်မည်။

"ကျွန်တော်တို့ ပြောလို့ တော့ မယုံနဲ့ ၊ ခင်ဗျားကိုယ်တိုင် ပြန်ပြီး အခြေအနေကို အကဲခတ်"

ထိုစကားသည် ကောင်းသော အတိတ်ကို စဉ်းစားနေသည့် ကြားထဲက အရိပ်မည်းကြီးပမာ ထိုးဝင်လာ ပါသည် ။ တစ်ဖန် မမပြောသည့် " မီးဝေးချိတ်" ဆိုသည့် ဥပမာသည် လည်း ကျွန်တော့် ဦးနှောက်တွင် တစ်နေရာ ဝင်၍ ယူလာပါသည် ။ သို့နှင့် ညဆယ့်တစ်နာရီသာ တိုင်ခဲ့သည် ။ ကျွန်တော့် ခေါင်းကား မကြည်လင်။ ထို့ကြောင့် အခန်းကိုခွာကာ အင်းယားကန်ဘက်သို့ ထွက်ခဲ့ပါသည် ။ အင်းယားကန်ရေပြင်သည် လှိုင်းကြက်ခွပ်မျှပင် မထဘဲ ငြိမ်နေသည် ။ လကလည်း သာနေသည် ။ ဘွဲ့နှင်းသဘင် နောက်ဘက်က ကျွန်းဆွယ်တွင် တစ်ကိုယ် တည်းထိုင်ကာ အင်းယားကန်နှင့် လရောင်ရိပ်တို့ အလှကို ခံစားနေမိသည် ။ ထိုအခါ ကျွန်တော့်စိတ်သည် အနည်းငယ် ကြည်လင်လာပါသည် ။ ပျော်စရာအတိတ် ၊ ကြည်နူးစရာ အတိတ်တို့ သည် ကျွန်တော်ရှေ့ရှိကန် ရေပြင်ပေါ်တွင် ငါးပုံ့မြူးသလို မြူးထူး ခုန်ကွလာကြပါသည် ။

ဦးစွာပထမ မဝေးသော အတိတ်။

"မောင့်စိတ်ကို ခင်သိန်း သိတယ်။ ဒါကြောင့် ဘယ်သူ ဘယ်ဝါဆိုတာကိုတော့ မောင် မသိချင်နဲ့ ။ မောင့်ကိုလည်း မပြောဘူး။ ပြီးတော့ ဒီအကြောင်းကိုလည်း ခင်သိန်း ဘယ်သူ့မှ မပြောသေးဘူး၊ မောင့်ကို ပထမဆုံး ပြောတာပဲ၊ မောင့်မှ မပြောရင် ခင်သိန်း ဘယ်သူ့ ပြောရမလဲ။"

"ခင်သိန်းကို တစ်ယောက်က မထိတရိ ပြောတယ်။ နောက် ဖြောင်ဖွ

င့်ပြီး အရေးဆိုတယ်။ ခင်သိန်း သူ့ကို ခွေးဆိုသလို ဆိုပစ်လိုက်တယ်။ ခင်သိန်းလေ ကိုယ့်ကိုယ်ကိုမို့ ပြောတ မဟုတ်ပါဘူး မောင်ရယ်။ ခင်သိန်းဟာ အမရာ ကိန္နရီ မဒ္ဒီ သမ္ဘူလ မဟုတ်ပေမယ့် မောင့်ကို သစ္စာရှိတဲ့ မယားလေးပါ မောင်ရယ်။ ဒီသစ္စာ စကားကြောင့် မောင် စာမေးပွဲ မှန်မှန်အောင်ပါစေ။ မောင်နဲ့ အတူ ရိုးမြေကျ ပေါင်းရတဲ့ ကိုယ် ဖြစ်ပါစေ"

သည် လို မယားကိုမှ ကျွန်တော် မယုံလျှင် ဘယ်မိန်းမကို ကျွန်တော် ယုံရမလဲ၊ ကျွန်တော့် မျက်ကွယ်တွင် မကောင်းသည့် ပတ်ဝန်းကျင်က သူ့ဘဝကို နစ်မွန်းအောင် သွေးဆောင်သည် ကိုပင် တွန်းလှန် ရုံ မျှမက လင်သားကို ဖွင့်ပြောသည့် မိန်းမ။ သည် မယားကောင်း တစ်ယောက်၏ စကားကိုယုံကာ ကျွန်တော် ယုံလွန်းသလား။ သည် စကားသည် ယုန်ကောင်ငုံ၍ ပြောသည့် စကားလား။ ယုန်ရုပ် ရေးပြသည့် စကားလား။ ဤသည် မှာ ကြည်နူးစရာ အတိတ်။ မင်းလှ မိုးညိုဆီမှ အင်းယားကန်ရိပ်ဆီသို့ လေပြည်လေညင်းတစ်ခုက ဤစကားများကို သယ်ဆောင်လာပါသည် ။ ကျွန်တော် ကြည်နူးလိုက်သည့် ဖြစ်ခြင်း။

သည့် နောက်တွင် ကား ခင်သိန်းလှိုင် အနစ်နာခံပုံ၊ ကျွန်တော့်ကို ယုယပုံ၊ ကျွန်တော် နိုင်ငံရေးသမား နီးပါး ပေတေကာ အများကိစ္စ ဆောင်ရွက်သည် ကို သည်းခံပုံ၊ အပြစ်မယူပုံ၊ သူ့လခထဲက ဖဲ့၍ ကျွန်တော့်ကို စရိတ်ထောက်ပံ့ ထိုမှ တစ်ဖန် သူ၏ ဆွေမျိုးများ ကျွန်တော့်အပေါ် ကောင်းပုံ၊ လေးစားပုံ၊ ချစ်ခင်ကြပုံ၊ ယောက် ဖများက အစ်ကိုအရင်းသဖွယ် ခင်တွယ်ပုံ၊ သမီးငယ်ကို သူက ကျွန်တော့်ထက်ပင် သံယောဇဉ်ကြီးပုံ။ ဤအတိတ်တို့ သည် အင်းယားကန်ရေပြင်၌ အစီအရီ မြူးစုန် ပျံ့ဝဲလာကြပါသည် ။

ကျွန်တော်ကား သည် ည ကောင်းကောင်း အိပ်ပျော်ပြီး စိတ်လက်လ

ည်း အတော်အတန် ပေါ်ပါးလာ ပါသည် ။ သို့သော်လည်း ဖြစ်နိုင်လျှင် အဆောင်စာဖတ်အသင်း တာဝန်ကို ဥက္ကဋ္ဌအဖြစ် မယူဘဲ အမှုဆောင် အဖြစ်သာ ယူဖို့ ဆုံးဖြတ်လိုက်ပါသည် ။ ကျွန်တော်၏ ဆုံးဖြတ်ချက်ကို ရဲဘော်များအား နားဝင်အောင် ပြောရ လိမ့်မည်။ ထိုအခါ အကြောင်းပြ ဖို့ လိုသည် ။ ကိုယ့်အထုပ်ကို ဖြေ၍ ကား မပြချင်။ မည်သို့မည်ပုံ အကြောင်းပြ ရမလဲ။

အိမ်ထောင့်တာဝန်။ မိန်းမက ရန်ကုန်လိုက်လာကာ အတူနေရအောင် ကောက်ပဲသီးနှံရုံးကြီး၌ စာရေး ဝင်လုပ်ချင်သဖြင့် ရန်ကုန်၌ တစ်အိုးတစ်အိမ် ထူထောင်ရမည် ဖြစ်ကြောင်း၊ သည် လိုဆိုလျှင် သက်သေထူ ရလိမ့်မည်။ သက်သေထူဖို့ တစ်မြို့တည်းသား ဖြစ်သည့် ကောင်းတင်ကို ပြေး၍ အမှတ်ရမိပါသည် ။ ကောင်းတင်သည် ကျွန်တော်တို့ နှင့် အကြောင်းသိ၊ အပေါင်းသိ။ ကောင်းတင်သည် ကျွန်တော်တို့ ၏ ဖူးစာရေး နတ်၊ ကောင်းတင်ပင် ကျွန်တော်နှင့် ခင်သိန်းလှိုင် နီးစပ်ဖို့ အကြံပေးသည့် ပုဂ္ဂိုလ်။

သို့ဖြစ်ရာ ကောင်းတင်ကို အသိပေးဖို့ လိုလိမ့်မည်။ သည် မျှအထိကား ကျွန်တော့်အဖို့ မထောင်းတာလှ၊ ကောင်းတင်ကိုပင် သည် အရေးနှင့် ပတ်သက်၍ ထောက်လှမ်းရန်၊ စုံးစမ်းရန် တာဝန်ပေးရဦးမည်ဟု တစ်ဆက် တည်း စဉ်းစားမိသည် ။ ကောင်းတင်သည် လည်း နှုတ်လုံသော ကျွန်တော်၏ ရဲဘော်တစ်ယောက် ဖြစ်ပါသည် ။ ရဲဘော်များကို ကောင်းတင်က ကျွန်တော့်အတွက် လျှောက်လဲပေးရမည်။ ဤသို့ဖြင့် ကျွန်တော်သည် အင်းယား ကန်ရိပ်မှ အဆောင်သို့ ပြန်ခဲ့ပါသည် ။

နောက်တစ်နေ့ မနက်တွင် ကောင်းတင်နှင့် ကျွန်တော် တိုင်ပင်ပါသည် ။ အချိန်ကား မရ။ ညတွင် ကောင်းတင်နှင့် အတူ ရဲဘော်များ နှင့် အ

ကျေအလည် ဆွေးနွေးရလိမ့်မည်။

အဖြစ်အပျက်တို့ ကား မြန်ဆန်လှပါသည် ။ ထိုနေ့ နေ့လယ်မှာ ပင် စာတစ်စောင် ကျွန်တော့်ဆီသို့ ရောက်လာပါသည် ။ ထိုစာမှာ ခင်သိန်းလှိုင် နှင့် ကျွန်တော့်ကို စေတနာထားသူ မင်းလှသား တစ်ယောက်က ရေးသည့် စာ။ နာမည်ကား မဖော်ပြ။ လက်နှိပ်စက် ရိုက်ထားသည့် ပစ်စာ။ ကျွန်တော်ကား အတော်ပင် ခေါင်းနားပန်းကြီးသွားပါသည် ။ မင်းလှသည် မြို့ငယ်ကလေး ပစ်စာတစ်စောင် ကျွန်တော့်ဆီ ရောက်သည်ဆိုလျှင် ခင်သိန်းလှိုင် အကြောင်း တစ်မြို့လုံး သိနေလေမည်လား။ ကျွန်တော် မယုံကြည်သေးသည့် ခင်သိန်းလှိုင်၏ သတင်းသည် တစ်ဝက် မှန်နေလေပြီလား။ မနေ့ညက ပြောခဲ့သည် သံသယသည် ထပ်မံ ဖိစီးလာပြန်သည် ။

ကျွန်တော်နှင့် ခင်သိန်းလှိုင် စုံတွဲကို မင်းလှ တစ်မြို့လုံးက ချစ်ခင်ကြင်နာသည့် လင်မယား၊ အနွံအတာခံသည့် လင်မယား၊ မိန်းမက လင်ကို ထောက်ပံ့ကာ ပညာရေးစခန်း လမ်းဆုံးသို့ ပို့သဖြင့် နမူနာပြ လင်မယားအဖြစ် အသိအမှတ်ပြုထားကြသည် ။ တစ်ဖန် ကောင်းတင်က ဆိုပြန်သည် ။

'ကျွန်တော်လည်း တစ်စွန်းတစ်စ ကြားကြားနေတယ်ဗျာ။ ဒါပေမဲ့ မယုံချင်တာနဲ့ ခင်ဗျားကို မပြောဘူး၊ မနေ့ကလည်း ဟိုကောင် ချစ်သိန်းထွန်း ပြောသွားတယ်။ ချစ်သိန်းထွန်းဆိုတာ ခင်ဗျားရဲ့ အန္တေဝါသိကပဲ။ ခင်သိန်းလှိုင်ကိုလည်း ခင်တာပဲ။ သူပြောတော့ ကျွန်တော်တောင် ပိုပြီး ဇဝေဇဝါ ဖြစ်သွားတယ်။ ဒါပေမဲ့ ခင်ဗျားကို နောက်မှ ပြောမယ် စိတ်ကူးထားတယ်။ ဘာပဲဖြစ်ဖြစ် ခင်ဗျား အမှုဆောင် ရွေးပြီးရင်တော့ ပြန်သွားဦး'

ထိုနေ့တွင် ကား အမှုဆောင် လုပ်ဖို့ ပင် စိတ်ပျက်သွားပါသည် ။ သို့သော်လည်း ကောင်းတင်က အမှု ဆောင် အဖြစ်က ငြင်းလျှင် မကောင်း၊ ရဲဘော်များ စိတ်ဓာတ်ပျက်ကုန်ကြမည်ဟု ဆိုပါသည် ။ ထို့ကြောင့် အမှုဆောင်အဖြစ်ကိုကား လက်ခံလိုက်ပါသည် ။

စနေနေ့ ညတွင် မူ ကျွန်တော့် မမက အိမ်လာရန် လူလွှတ်ခေါ်ပါသည် ။ အရေးကြီးသည့် ကိစ္စ ပြောစရာ ရှိသည် ဟု ဆိုပါသည် ။ ဒီကိစ္စပင်ဟု ကျွန်တော် တပ်အပ် သိလိုက်ပါသည် ။ သို့သော်လည်း စနေနေ့ညတွင် အမှုဆောင်ရွေးပွဲကြောင့် နောက်တစ်နေ့ တနင်္ဂနွေနေ့ မနက်တွင် မှ လာခဲ့မည်ဟု ပြောလိုက်ပါသည် ။

အမှုဆောင်အဖြစ် ထောက်ခံဖို့ ကိုကား ကောင်းတင်နှင့် မင်းလှသား ချာတိတ်ကလေး တင်မြင့်တို့ က အိမ်အခြေအနေ အိမ်ထောင့်အခြေအနေတို့ ကိုပါ ပြောပြ လျှောက်လဲကြသဖြင့် ရဲဘော်များက ကျေနပ်ကြပါသည် ။ တင်မြင့်လေးကိုမူ ကောင်းတင်က ဖုံးဖုံးဖိဖိနှင့် လိုမ့်ထားပါသည် ။ တင်မြင့်လေးကလည်း ကောင်းတင်၏ စကားကို မယုံနိုင်စရာမရှိ။ အကြောင်းပြချက် ကောင်းနေသည် မဟုတ်လား။

ဥက္ကဋ္ဌ နေရာတွင် ကိုမြင့်သိန်းကို တိုက်တိုက်တွန်းတွန်း တင်လိုက်ကြပါသည် ။ ကိုမြင့်သိန်းကလည်း ကျေနပ်ပါသည် ။ အစည်းအဝေးခန်းထဲ ရောက်လျှင်ကား ဘသန်းချိန်၏ ချဲလင့်စကား၊ အတိုက်အခံ မြထွန်း၏ မြင်ပြင်းကတ်စရာ အမူအရာ၊ ရွှေကျီးညို ထိန်လင်း၏ ရဲရဲတောက် စကားတို့ ကြောင့် ကျွန်တော်သည် တက်ကြွ လာပါသည် ။ ကိုယ်ရေးကိုယ်တာတို့ သည် သူ၏ ရဲရဲတောက် မိန့်ခွန်းများ အကြားတွင် ကျေပျက်သွားကြ ပါသည် ။

ဥက္ကဋ္ဌ ကိုမြင့်သိန်းသည် အမာခံ မဟုတ်ပါ။ သို့သော် ကြီးဂုဏ်နှင့် အ

များက ရှိသေကြပါသည် ။ အထူး သဖြင့် ထောင်ထောင်မောင်းမောင်းမို့ ဥက္ကဋ္ဌ လုပ်ရန် ဥပဓိရုပ်ကောင်းသူ ဖြစ်ပါသည် ။ အမာခံ မဟုတ်ဟု ဆို ရ သော်လည်း သူငယ်ချင်းအဖြစ် ကျွန်တော်တို့ တစ်သိုက်နှင့် ခင်မင်နေ သူ ဖြစ်ရကား မငြင်းပါ။ သူသည် သန့်ရှင်း တည်မြဲ ကွဲသည့် ဂယက်ကြောင့် အနည်းငယ် နိုးကြားလာသူ ဖြစ်ပါသည် ။ ဘီအက်စ်စီ ပ ထမနှစ်တွင် စာမေးပွဲ အောင်ထားသဖြင့် စိတ်ဓာတ် တက်ကြွနေပါသ ည် ။

ကျွန်တော်တို့ အဖွဲ့နှင့် ပြိုင်ဘက်တို့ က မြထွန်းကို ဥက္ကဋ္ဌအဖြစ် တင် ၍ တိုက်ပါသည် ။ မြထွန်းကို တင်သည် မှာ သူတို့ အမှားပင် ဖြစ်ပါသည် ။ မြထွန်းသည် ပြီးခဲ့သည့် တစ်နှစ်လုံးလုံး ခပ်ကြွကြွနေခဲ့သူ ဖြစ်ပါသည် ။ သူသည် အမှုဆောင်ဟောင်းတွင် အတွင်းရေးမှူး ဖြစ်ပါသည် ။ သူ့ကြောင့် ဂိုဏ်းဂဏစိတ် ပြင်း ထန်ကာ အဆောင်၏ သာယာရေး ပျက် ပြားခဲ့ပါသည် ။ ဘောလုံးအသင်း လူစုကွဲပါသည် ။ စာကြည့်တိုက် မစ ည် ပင်ခဲ့ပါ။ ဟင်း၊ ထမင်း ညံ့ခဲ့ပါသည် ။ မြထွန်းသည် အာဏာရသူတို့ နှင့် ပေါင်းကာ အဆောင်တွင်းသို့ ထောက်လှမ်းရေးပုလိပ် ဝင်သည် အ ထိ လက်ခံခဲ့သဖြင့် သူ့ကို ကျောင်းသားများက မကြည်ညိုတော့ပါ။ သူ တို့ အဖွဲ့တွင် အာဏာရသူတို့ ၏ အထောက်အပံ့ မကင်းသူတို့ ရှိသည် ကိုလည်း တစ်ဆောင်လုံးက သိနေကြပါသည် ။

ရေဦး ပြောက်ကျားဗိုလ် သခင်အေးဖေ၏ အထောက်အပံ့ခံ ကိုအော င်သောင်း၊ ကျွန်တော်တို့ နှင့် တစ်နယ်တည်းဖြစ်သည့် မိုးညို ဗိုလ်ထွန်းခ င်၏ တူ ကိုဝင်းနိုင်။ သူတို့ ကို ကျောင်းသားများက ကျောထောက် နော က်ခံပါ မြင်နေကြသည် ။ ထိုကျောထောက်နောက်ခံတို့ သည် လည်း ထို အချိန်က ပြည်သူ့ မေတ္တာတုံးကြီးများ ။ ထို့ကြောင့် ပင် ကျွန်တော်တို့ သ ည် သဟာယနှင့် စာဖတ်အသင်းတွင် အောင်ပွဲခံကြရခြင်း ဖြစ်ပါသည် ။

သို့သော် ပြိုင်ဘက်ညံ့၍ ချည်း မဟုတ်ပါ။ ကျွန်တော်တို့ စည်းရုံးရေးသည် လည်း ယခင်ကထက်ပို၍ ကောင်းလာသော ကြောင့် ဖြစ်ပါသည် ။

အစည်းအဝေး နောက်ဆုံးအစီအစဉ်ကား အဆိုများ ။

ရေချိုးခန်း ပြင်ပေး၊

အိမ်သာ ပြင်ပေး၊

ချုပ်ချယ်မှု စည်းကမ်းများ ရုပ်သိမ်း။

ထို့နောက်-

ကမ္ဘာမကျေ၊ ဗမာတွေ၊ ဒါတို့ ပြည်၊ ဒါတို့ မြေ၊ တို့ ပိုင်တဲ့ မြေ။

'ဥက္ကဋ္ဌကြီး လက်ဖက်ရည်တိုက်ဗျို့'

'လှည်းတန်းထိပ် သွားကြမယ်ဗျို့'

'နေကြပါဦးဗျာ ခင်ဗျားတို့ ကလည်း တိုက်ပါ့မယ်ဗျာ့။ ဒီမှာ တစ်ဆက်တည်း အမှုဆောင် အစည်းအဝေး လုပ်ကြသေးတာပေါ့'

'နက်ဖြန်ညမှ လုပ်တာပေါ့ဗျ'

ဥက္ကဋ္ဌ ကိုမြင့်သိန်းသည် ပြုံးနေပါသည် ။ သို့သော် အစည်းအဝေးကို ကား သည် ညမှာ ပင် ဆက်၍ လုပ်စေချင်ပါသည် ။ နက်ဖြန် ညနေဆိုလျှင် သူ အားဟန်မတူပါ။ တနင်္ဂနွေနေ့မို့ မာလာဆောင်ဘက်သို့ ခြေလှမ်း ပြင်ရမည် ဖြစ်သောကြောင့် ပင်။

ကိုမြင့်သိန်းသည် ကျွန်တော်တို့ နှင့် တစ်တန်းတည်း အိမ်သာထိပ်က အခန်းတွင် နေသူ ဖြစ်ပါသည် ။ သည် နှစ်တွင် ကား မဲစနစ်ဖြင့် အခန်းဝေသဖြင့် ကျွန်တော်တို့ မှာ နောက်တန်းတွင် နေရာရကြပါသည် ။ သူက အခန်း နံပါတ် ၁၂၄၊ ကျွန်တော်က ၁၃၂၊ ကျွန်တော့် ဟိုဘက်က ၁

၃၄ တွင် ကိုထွန်းနွဲ့။ သို့ဖြစ်ရာ ကျောင်းဖွင့် စကတည်းက သူ့ခြေလှမ်းကို ကျွန်တော် ရိပ်မိနေခဲ့ပါသည် ။ သူသည် ညနေ သုံးနာရီခန့်ဆိုလျှင် နိုင်လွန်အင်္ကျီကို မီးအိုးတိုက်ရန် ပြင်ဆင်လေပြီ။ ထို့ကြောင့် တနင်္ဂနွေကို အချိန်မပေးအား။ ကျွန်တော်ကလည်း နက်ဖြန် မင်းလှ ပြန်ဖြစ်မည်လား မသိ။ ထို့ကြောင့် အမှုဆောင်သစ်၏ ပထမဆုံး အစည်းအဝေးကို ဆယ့်တစ်နာရီတိုင် ကျင်းပကာ ကျွန်တော်တို့ တစ်သိုက် လှည်းတန်းဘက် ထွက်ကြပါသည် ။ လှည်းတန်းတွင် ကား "စစ်ကိုင်းမှာ တင်မောင်မောင်တို့ တပ်ဦးပဲ နိုင်သတဲ့ ဟေ့" ဟူသော ပန်းသတင်းသည် လေညင်းဆောင်သွားသဖြင့် မွှေးကြိုင် နေပြီ ဖြစ်ပါသည် ။

စနေနေ့ညတွင် ပျော်ရ ရွှင်ရ၊ အူမြူးရသလောက် တနင်္ဂနွေနေ့တွင် စိတ်ညစ်ညူးရပေဦးမည်။

***